## အသိပညာပေးစာစောင် (၁)

## တာဝန်ယူတတ်သောအကျင့်ရှိရန်ပုံပြင်

## ခေါင်းစဉ် - အလုပ်တွက်ကတတ်သောယုန်ကလေး

၁။ ယုန်မိသားစုတစ်စုသည် တောအုပ်ကြီးတစ်ခုအတွင်း စမ်းချောင်းဘေးရှိ သစ်ခေါင်းကြီးတစ်ခုအား အမှီပြု၍နေထိုင်ကြသည်။ ယုန်ဖေဖေသည် တောအုပ်ဘုရင် ခြင်္သေ့မင်း၏ ကျန်းမာရေးအတိုင်ပင်ခံဖြစ်ပြီး ယုန်မေမေမှာလည်း တောတွင်းရှိ အိမ်ရှင်မတို့နှင့် အမျိုးသမီးရေးရာ ဆွေးနွေးရန်ကိစ္စများအတွက် အစည်းအဝေးများသို့သွားရသည်။ ထို့ကြောင့် ယုန်ဖေဖေနှင့် ယုန်မေမေသည် အလုပ်လုပ်ရန်အတွက် နေ့တိုင်းအပြင်ထွက်ကြရပြီး သားနှင့်သမီးဖြစ်သော ယုန်ကလေးနှစ်ကောင်အား သစ်ခေါင်းအသိုက်ထဲတွင် ထားခဲ့ရသည်။

၂။ တစ်နေ့သောအခါ ယုန်ဖေဖေနှင့်မေမေတို့သည် ၎င်းတို့နေထိုင်သောနေရာသည် စနစ်တကျမရှိဘဲ ဖရိုဖရဲ ဖြစ်နေသည်ဟု မြင်ကြသောကြောင့် အိပ်ရာဝင်ခါနီး စကားပြောဆိုကြရာတွင်-

ဖေ။ "မေကြီးရေ ခု တို့အိမ်ဟာ ဟိုတုန်းကလောက် စနစ်တကျ သေသပ်မှု မရှိတော့ဘူးနော်"

မေ။ "အိုး... ဟုတ်တယ်၊ အခုတလော အလုပ်တွေများနေလို့ အိမ်ကို စောင့်ရှောက်ဖို့ အချိန်မရလို့ပါ။ နောက်ဆိုရင် ကျွန်မတို့ အိမ်ကလေးကို ပိုကောင်းအောင် ပြုပြင်ပါ့မယ်ရှင်.."ဟု ရှက်စိတ်ဖြင့် ပြန်ပြောလေသည်။

ဖေ။ "ဖေကြီးက မေကြီးကို အပြစ်ပြောနေတာ မဟုတ်ပါဘူး။ တကယ်တော့ အိမ်အလုပ်ကလဲ ပင်ပန်းတဲ့အလုပ်ပါပဲ။ ဖေကြီးကိုယ်တိုင်လဲ အိမ်အလုပ်တွေကို ပျက်ကွက်ခဲ့လို့ ရှက်မိပါတယ်၊ မေကြီးကလဲ အလုပ်များတယ်ဆိုတော့ ဖေကြီး စဉ်းစားမိတာရှိတယ်။ တို့ကလေးတွေကို အိမ်ကို စောင့်ရှောက်ခိုင်းရမယ်။ သူတို့လေးတွေလဲကြီးလာကြပြီ။ တို့ကလေးတွေကို တခြားသူတွေအကျိုးအတွက် အလုပ်လုပ်ဖို့ မသင်ပေးရသေးဘူးလေ။ ဖေကြီးကတော့ ဒီလိုသင်ပေးသင့်တယ်လို့ထင်တယ်။ တို့ရဲ့ အိမ်အလုပ်ကစပြီးတော့ သင်ပေးရမယ်။"ဟု ယုန်ဖေဖေကြီးက သူ၏အယူအဆကိုပြောပြသည်။

မေ။ "ဒါကသိပ်ကောင်းတဲ့အတွေးပဲ။ သို့ပေမဲ့ ကျွန်မတို့ကလေးတွေက အလုပ်မလုပ်ဖူးဘူးသေးလို့ သူတို့ ကောင်းကောင်းလုပ်နိုင်ပါ့မလားရှင်"...။

၂။ " ပထမတော့ သူတို့ ကောင်းကောင်း မလုပ်နိုင်သေးဘူး။ သူတို့အတွက် ပင်ပန်းမှာပေါ့။ ဒါကြောင့် သူတို့နဲ့သင့်တော်တာလေးတွေကို အရင်တာဝန်ပေးရမယ်။ မှန်ကန်အောင်လုပ်တတ်ဖို့သင်ပေးရမယ်။ အခုချိန်ကတည်းက မစတင်ရင် သူတို့ ဘာမှမလုပ်တတ်ဘဲနေမယ်။ ကြီးလာတဲ့အခါ ဘာမှမလုပ်တတ်တဲ့သူကို လူ့အသိုင်းအဝိုင်းက နှစ်သက်မှာမဟုတ်ဘူး၊ လက်ခံချင်မှာမဟုတ်ဘူး။ ဟုတ်တယ် မဟုတ်လား" ဟု ယုန်ဖေဖေကပြောသည်။

၃။ မနက်နိုးထလာသောအခါ ယုန်မေမေက ကလေးနှစ်ယောက်ကိုခေါ်၍ ပြောကြားသည်မှာ "မောင်နှမနှစ်ယောက်လုံး အိမ်အလုပ်တွေကို တစ်ခါမှမလုပ်ဖူးသေးဘူး။ အလုပ်လုပ်ရင် ပင်ပန်းမှုတော့ရှိတယ်။ ဒါပေမဲ့ကလေးတို့က အိမ်အလုပ်တွေကိုကူလုပ်မယ်ဆိုရင် အိမ်မှာစနစ်တကျနဲ့ ပိုကောင်းလာလိမ့်မယ်"ဟု ပြောလိုက်သောအခါ ကလေးနှစ်ယောက်က မေမေဖေဖေတို့ကိုယ်စား အိမ်အလုပ်တွေကို ကူညီလုပ်ပေးပါမည်ဟု ကတိပြုကြလေသည်။

၄။ ယုန်မေမေက ကလေးများ တဖြည်းဖြည်းနှင့် တစ်ခုချင်းလုပ်တတ်လာစေရန် ပထမဆုံးအလုပ်အဖြစ် ပန်းကန်ဆေးခြင်းနှင့် မီးဖိုချောင်သန့်ရှင်းရေး အလုပ်ကို တာဝန်ပေးအပ်လေသည်။

၅။ ယုန်မောင်နှမနှစ်ယောက်သည် မေမေပေးသောအလုပ်အား ကူညီ၍လုပ်ကြရာ သုံးရက်မြောက်သောအခါ "ကိုယ်ကသူ့ထက် ပိုလုပ်ရသည်ဟူသော တွက်ကတ်သည့်စိတ်များ" ကိုယ်စီဖြစ်ပေါ်လာသည်။

၆။ နောက်ဆုံးတွင် အစ်မဖြစ်သူယုန်မလေးက အလုပ်အားလုံးအား အတိအကျခွဲဝေရန် အကြံပြုပြီး မောင်ဖြစ်သူကလည်း သဘောတူသည်။မောင်နှမနှစ်ယောက်လုံး မည်သူက မည်သည့်အလုပ်ဟူ၍ တာဝန်ခွဲကြသည်။

၇။ တာဝန်ခွဲဝေပုံမှာ ဥပမာအားဖြင့် အစ်မဖြစ်သူက ထမင်းစားပွဲပြင်ဆင်ရန် တာဝန်ယူပြီး မောင်ဖြစ်သူက စားပွဲသိမ်းဆည်းရန် တာဝန်ယူလိုက်သည်။ အစ်မဖြစ်သူ ပန်းကန်ဆေးလျှင် မောင်ဖြစ်သူက ပန်းကန်များကိုသုတ်ရန်နှင့် ပန်းကန်စင်တွင် သိမ်းဆည်းရန်ဖြစ်သည်။ ထို့နောက် အိမ်မှုကိစ္စများကို မောင်နှမနှစ်ယောက် ခွဲဝေလုပ်ကိုင်ကြသည်။

၈။ ထိုကဲ့သို့ တာဝန်ခွဲ၍ အလုပ်လုပ်သည်မှာ ကောင်းသော်လည်း တကယ်တမ်းတွင်မူ အလုပ်ပြီးသင့်သည့်အချိန်တွင် အလုပ်ပြီးမြောက်ခြင်းမရှိပါ။ အကြောင်းရင်းမှာ နှစ်ယောက်လုံးက တစ်ဦးကိုတစ်ဦး စောင့်ကြည့်နေကြပြီး မိမိအလုပ်ကို မြန်မြန်ပြီးစီးအောင် မလုပ်နိုင်ကြသောကြောင့် ဖြစ်သည်။

၉။ တစ်နေ့သောအခါ အစ်မဖြစ်သူက ယုန်မေမေကို တိုင်ကြားလေသည်။

၁၀။ "မေမေရေ... စားပွဲပေါ်မှာ ပန်းကန်ပြားတွေကျန်နေသေးတယ်၊ မောင်လေးက ဆေးဖို့ယူပြီး လာမပေးသေးဘူး။ ဒါဆို သမီးက ဘယ်လိုလုပ်ဆေးရမလဲ စောင့်နေရတယ် ။"

DBE BOX

၁၀။ ယုန်မေမေက အရေးမကြီးသည့်ပုံစံဖြင့် "ဒါဆိုလဲ ကိုယ့်ဘာသာသွားယူပြီး ဆေးလိုက်ပေါ့ သမီးရယ်..."ဟု ဆိုလေသည်။

မမ။ "အိုး... မေမေကလဲ အဲဒီအလုပ်က သမီးနဲ့မဆိုင်ဘူးလေ၊ အဲဒါ မောင်လေးလုပ်ရမဲ့ အလုပ်ပါ။ သမီးတို့ တာဝန်တွေခွဲထားပြီးသားလေ၊ သဘောတူထားတဲ့အတိုင်း သူလုပ်ရမှာပေါ့..."ဟု ပြန်ပြောသည်။

၁၁။ ထို့နောက် ယုန်မောင်လေးမှ ထမင်းစားပွဲသိမ်းဆည်းပြီး၍ ပန်းကန်ဆေးသည့် နေရာသို့ လာထားသည့်တိုင်အောင် စောင့်နေသည်။ ပန်းကန်အားလုံး ဆေးသည့်နေရာသို့ ရောက်လာသည့် အချိန်တွင် ဆေးရမည့်ပန်းကန်မှာများသောကြောင့် အချိန်အတော်ကြာကြာ ဆေးရလေသည်။ ထို့ကြောင့် ယုန်မောင်လေးမှာလည်း ပန်းကန်သုတ်ရန် အစ်မဖြစ်သူ ပန်းကန်ဆေးပြီးသည်အထိ စောင့်ရလေသည်။ အစ်မဖြစ်သူ ပန်းကန်ဆေးပြီးမှ ပန်းကန်သုတ်၍ စင်ပေါ်သွားထားရသည့် အတွက် ညနေခင်းရောက်သည်အထိ အချိန်ကြာမြင့်စွာ အလုပ်လုပ်ပြီးမှ အလုပ်များ ပြီးစီးလေသည်။

၁၂။ အစ်မဖြစ်သူကလည်းအလုပ်တွက်ကတ်ပြီး မောင်ဖြစ်သူကလည်း အလုပ်တွက်ကတ်သည်။ မောင်လေးသည် မီးဖိုချောင်တွင် တံမြက်စည်းလှည်းနေစဉ် ပန်းကန်ဆေးရာမှ ထမင်းနှင့် ဟင်းများ သည်းဖိတ်ကျနေသည်ကိုမြင်သော်လည်း အစ်မဖြစ်သူ၏တာဝန်ဖြစ်သောကြောင့် မမြင်ချင်ယောင်ဆောင် နေလိုက်သည်။ ထမင်း၊ ဟင်းစက် အမှိုက်ကျသည့်နေရာတွင် ပိတ်ဆို့မှုဖြစ်သောကြောင့် ယုန်ဖေဖေမှ ခဏခဏသွား၍ ပြင်ဆင်ပေးနေရသည်။

DBE Box

၁၃။ ကလေးနှစ်ယောက်မှာ အလုပ်တွက်ကတ်နေသောကြောင့် ယုန်မေမေနှင့်ဖေဖေသည် ကလေးတို့ အပြုအမူ အခြေအနေကို အချိန်တစ်ခုပေး၍ စောင့်ကြည့်နေရသည်။ အခြေအနေ တိုးတက်ရန် မမြင်တော့သည့်အခါ ယုန်ဖေဖေက ယုန်မေမေအား တစ်ခုခုစီစဉ်ဖို့ အချိန်ရောက်ပြီဟု အသိပေးလေသည်။

၁၄။ တစ်နေ့သောအခါ ယုန်မေမေက ကလေးနှစ်ယောက်ကိုခေါ်၍ ပြောပြရသည်မှာ-

" ကလေးတို့ အလုပ်ခွဲလုပ်တာကောင်းပေမဲ့ အခုလုပ်နေတဲ့နည်းလမ်းကတော့ မဟုတ်သေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ မေမေတို့က မိသားစုတွေဖြစ်တယ်ကွဲ့၊ ကိုယ့်မိသားစုကို ချစ်ရမယ်၊ အပြန်အလှန်ကူညီရမယ်။ တစ်ဦးကိုတစ်ဦး အလုပ်ခွဲပြီး လှည့်မကြည့်ဘဲလုပ်တာတော့ မဟုတ်သေးဘူး။ သားနဲ့သမီးက ဒီလိုသာဆက်လုပ်နေမယ်ဆိုရင် မကြာခင် မေမေတို့ ရှေ့နေငှားပြီး ဘယ်သူက ဘာလုပ်ရမယ်၊ ဘယ်အချိန်မှာလုပ်ရမယ်၊ သူလုပ်တာမဟုတ်ရင် သူ့ကိုအပြစ်ပေးရမယ်လို့ အဆုံးအဖြတ်ပေးရတဲ့အခြေအနေကို ရောက်သွားလိမ့်မယ်။ တကယ်တော့ ဒါကမေမေတို့အိမ်ဖြစ်တယ်။ သမီးနဲ့ သားက ဖေဖေမေမေတို့ရဲ့ သားသမီးတွေဖြစ်တယ်။ မောင်နှမတွေဖြစ်တယ်။ မေမေတို့မိသားစုချင်း ချစ်ခင်ကြတဲ့အတွက် မေမေတို့ တစ်ယောက်ကိုတစ်ယောက် ကူညီကြရင် မကောင်းဘူးလား။"

မောင်လေး။ "ဒီလိုသာဆိုရင် မမက သားလိုမတွေးဘဲ ဘာမှမလုပ်တော့ဘဲနေရင် သားတစ်ယောက်တည်း ဒါတွေကိုလုပ်ရမှာလား မေမေ"ဟု မောင်လေးဖြစ်သူက ညည်းညူလေ သည်။

မေမေ။ " ဒီလိုလဲမဟုတ်သေးဘူးလေ...၊ သားက အားလုံးကိုလုပ်ဖို့မလိုပါဘူး။ မမကသားကို ချစ်ပါတယ်။ သားတစ်ယောက်တည်း ပင်ပန်းအောင် အလုပ်မခိုင်းပါဘူး။ သားကလဲ မမကို ကူညီရမယ်၊ မမကလဲသားကိုကူညီရမယ်။ ဘယ်သူက ဘယ်သူ့ထက် ပိုလုပ်နေရတယ် ဆိုပြီး မစဉ်းစားရဘူး။ သမီးနဲ့သားစဉ်းစားရမှာက **ဘယ်လိုလုပ်လိုက်ရင် အလုပ်ကို ကူညီရာရောက်သလဲ။ အလုပ်ပေါ့သွားစေမလဲ** ဆိုတာပဲဖြစ်တယ်။ သမီးနဲ့ သားတို့ရဲ့ သဘောထားနဲ့ ခံယူချက်တွေကို ပြောင်းမယ်ဆိုရင် နှစ်ယောက်လုံးရဲ့ အလုပ်ဟာ စည်းစနစ်တကျနဲ့ မြန်မြန်ဆန်ဆန်ပြီးသွားလိမ့်မယ်။

၁၅။ ယုန်မောင်နှမသည် တစ်ဦးမျက်နှာတစ်ဦးကြည့်ပြီး ခဏတွင် ယုန်မမက ပြောလာသည်မှာ-

မမ။ "ရပါတယ်မေမေ၊ သမီးကြိုးစားပြီး လုပ်ကြည့်ပါမယ်။ သမီးက မောင်လေးနဲ့လဲ ရန်မဖြစ်ချင်ပါဘူး"

၁၆။ ယုန်မေမေက သားဖြစ်သူဘက် လှည့်ကြည့်လိုက်သည်။ ယုန်မောင်လေးက "သားလဲ စမ်းကြည့်ပါ့မယ် မေမေ..."ဟု ပြန်ပြောလေသည်။

DBE Box

၁၇။ ယုန်မေမေက ကလေးနှစ်ယောက်အား ရင်ခွင်ထဲထည့်ကာ ပွေ့ဖက်ထားလိုက်ပြီး "ကောင်းပါပြီ သမီးနဲ့သားတို့ရယ်..."ဟု ပြောလေသည်။ "တို့အားလုံး ဒီနည်းလမ်းအသစ်နဲ့ အလုပ်လုပ်ကြမယ်။ တစ်ယောက်အလုပ်ကို တစ်ယောက်က ကူညီကြမယ်။ ဖိအားပေး ခိုင်းစေတာမျိုး မဟုတ်ဘဲ ချစ်ခြင်းမေတ္တာနဲ့ကူညီရမယ်။ တို့မိသားစုအတွက် အလိုအပ်ဆုံးအရာကတော့ ချစ်ခြင်းမေတ္တာသာဖြစ်တယ်။ ကလေးတို့မှတ်ထားကြရမယ်နော်..."ဟု ရယ်မောပြောဆိုလိုက်သည်။ ကလေးများကလဲ သဘောပေါက်နားလည်ကြကာ မိသားစုအားလုံး ပြိုင်တူရယ်မောလိုက်ကြလေသည်။

၁၈။ ထို့နောက်တွင် မောင်နှမနှစ်ယောက်လုံး ယုန်မေမေပေးသောနည်းလမ်းအတိုင်း လိုက်နာပြီး လုပ်ကြသည်။ ထိုနည်းလမ်းအားဖြင့် ၎င်းတို့အလုပ်လုပ်ရာတွင် စနစ်တကျ မြန်မြန်ဆန်ဆန် ပြီးစီးပြီး မိသားစုတွင်လည်း ပျော်ပျော်ရွှင်ရွှင်ဖြစ်လာတော့သည်။

## ပုံပြင်လေးမှရယူရမည့် သင်ခန်းစာ

၁၉။ အလုပ်လုပ်ကြရာတွင် လုပ်ငန်းတာဝန်ခွဲဝေ၍ လုပ်ကိုင်ခြင်းသည် ကောင်းမွန်သည့် လုပ်ရပ်

အလုပ်တွက်ကတ်ခြင်းသည် စိတ်သဘောထားသေးသိမ်မှုကို ဖော်ပြရာရောက်သည်။ မိမိအတွက်လည်း အလုပ်လုပ်ရင်းရရှိနိုင်သော အတွေ့အကြုံ၊ အသိအမြင်၊ ဗဟုသုတတိုးတက်မည့် အခွင့်အလမ်းနှင့် အလုပ်ပြီးမြောက်မှုတို့ကို မိမိကိုယ်တိုင် ပိတ်ပင်ရာရောက်သည်။ အလုပ်တာဝန်များကို တစ်ဆင့်ပြီးတစ်ဆင့် ကောင်းစွာလုပ်ဆောင်ခြင်းမှ မိမိအတွက် အကျိုးရလဒ်ကောင်း ရရှိမည်မှာ အသေအချာဖြစ်သည်။ တစ်ဆင့်တိုး၍ စဉ်းစားကြည့်သောအခါ အခြားသူတို့ထံမှ အကူအညီမယူဘဲ မိမိ အလုပ်အားကောင်းအောင် အဘယ်မျှပြုလုပ်နိုင်ပါစေ မိမိမလုပ်နိုင်သော အခြားကိစ္စရပ်များလည်း ရှိနေနိုင်ပါသည်။ စုပေါင်းလုပ်ဆောင်ခြင်းမှ ရလဒ်ကောင်းများ ရရှိနိုင်ပြီး ထိုသို့လုပ်ဆောင်ခြင်းဖြင့် မိမိအတွက် ဆုံးရှုံးသွားခြင်း မရှိပေ။

၂၀။ အချုပ်အားဖြင့် မိမိတွင် အခြားသူတို့အား အချိန်တိုင်းတွင် ကူညီရန်အတွက် စိတ်ခွန်အား၊ လူအင်အားရှိရမည်။ ဆိုလိုသည်မှာ မိမိ၏အလုပ်ကို အကောင်းဆုံး လုပ်ဆောင်ပြီး တာဝန်ကျေပွန်ရမည်။ အခြားသူတို့ထံမှ အကူအညီယူနိုင်ပြီး သူတို့အမှန်တကယ်လိုအပ်သည့် အချိန်တွင် ပြန်လည်ကူညီနိုင်ရမည်။ အရေးကြီးဆုံးမှာ မိမိ၏ အကူအညီသည် ကူညီလိုစိတ်ကြောင့်သာ ဖြစ်ရမည်။ ကြောက်၍ကူညီခြင်း၊ မိမိအား ပြန်မကူညီမှာစိုး၍ ကူညီခြင်းမျိုးမဖြစ်သင့်ပါ။ မိမိ၏ တာဝန်ကျေပွန်အောင် အမြဲတမ်း ကြိုးစားနေလျှင် အခြားသူများကလည်း မိမိအားဤကဲ့သို့ပင် ကူညီလိမ့်မည်။ မိမိတွင်လည်း အတွေ့အကြုံများမှတစ်ဆင့် အောင်မြင်မှုများရရှိကာ အခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်သည်။

DBL Box

## အသိပညာပေးစာစောင် (၂)

# တာဝန်ယူခြင်းဆိုသည်မှာအဘယ်နည်း

၁။ တာဝန်ယူခြင်းဆိုသည်မှာ ပေးအပ်လာသော တာဝန်ကို မေ့လျော့၊ လျစ်လျူရှုခြင်း မရှိ ကျေပွန်အောင်ထမ်းဆောင်ခြင်းဖြစ်ပါသည်။

၂။ တာဝန်ယူခြင်းကို အဓိပ္ပာယ်ဖွင့်ဆို ပုံဖော်ရာတွင် တာဝန်ယူခြင်းအမျိုးအစားများမှ အောက်ပါအတိုင်းဖြစ်သည်-

(၁) မိမိကိုယ်ကို တာဝန်ယူမှုရှိခြင်း၊

(၂) လူ့အဖွဲ့အစည်းနှင့် အခြားသူတို့အပေါ် တာဝန်ယူမှုရှိခြင်း။

၃။ အမျိုးအစားတစ်ခုစီအတွက် အသေးစိတ်အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

## မိမိကိုယ်ကိုတာဝန်ယူမှုရှိခြင်း

၄။ လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် မိမိ၏ တာဝန်အဆင့်အတန်းတစ်ခုအ လက်ခံဆောင်ရွက်ခြင်းဖြစ်ပြီး မိမိကိုယ်ကိုမိမိ တာဝန်ယူနိုင်သော အခြေအနေ ဖြစ်ရမည်။ လူတို့သ မည်သည်က မှန်သည်၊ မှားသည်၊ သင့်လျော်သည်၊ မသင့်လျော်သည်ကို ဆန်းစစ်နိုင်ပြီး လူ့အဖွဲ့အစည် လက်ခံနိုင်သော အရာများကို ရွေးချယ် ဆုံးဖြတ်နိုင်စွမ်းရှိရမည်။ မိမိကိုယ်ကိုတာဝန်ယူမှုရှိခြင်း အ ခွဲခြားရာတွင်-

(က) **မိမိ၏ ကျန်းမာရေးကို စောင့်ရှောက်တာဝန်ယူမှုရှိခြင်း**

မိမိကျန်းမာရေးကို ဂရုစိုက်ခြင်း၊ သတိထားရှိခြင်းတို့အပြင် အမြဲတမ်း ကြံ့ခိုင်ကျန်း နေရမည်။

(ခ) **စွမ်းအားရှိခြင်း ဉာဏ်ပညာရှိခြင်းအား တာဝန်ယူမှုရှိခြင်း**

ဗဟုသုတအမျိုးမျိုးရှာဖွေရန်စိတ်ပါဝင်စားစွာ လေ့လာသင်ယူခြင်းနှင့် အတွေ့အ မျိုးစုံကို ကိုယ်တိုင်သင်ယူလေ့ကျင့်ခြင်းဖြစ်သည်။

(ဂ) **အပြုအမူကို တာဝန်ယူခြင်း**

ရှိသင့်သော အပြုအမူများဖြစ်သည့် ကိုယ်ကျင့်သိက္ခာကောင်းမွန်၍ ဖြောင့်မတ်တည်ကြည် ရှိပြီး စည်းကမ်းရှိသောသူဖြစ်ရန်၊ လူ့ကျင့်ဝတ်ရှိရန် ဆောင်ရွက်ခြင်းဖြစ်သည်။

(ဃ) **ပေါင်းသင်းဆက်ဆံရေးတွင် တာဝန်ယူမှုရှိခြင်း**

DBE Box

(င) **စားသုံးကုန်နှင့် လူသုံးကုန်များကို တာဝန်ယူမှုရှိခြင်း**

အသုံးပြုသော ပစ္စည်းများအား စနစ်တကျ ရှာဖွေထိန်းသိမ်းစောင့်ရှောက်ရမည်။

(စ) **ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းအား တာဝန်ယူမှုရှိခြင်း**

လူငယ်များအနေဖြင့် ခြိုးခြံချွေတာ၍ မိမိ၏အသုံးစရိတ်ပမာဏကို စနစ်တကျ စီစဉ်သုံးစွဲခြင်း ဖြစ်သည်။

(ဆ) **အလုပ်တွင် တာဝန်ယူမှုရှိခြင်း**

မိမိအား ပေးအပ်ထားသော အလုပ်တာဝန်ကို သတ်မှတ်ချိန်အတွင်း မှန်မှန်ကန်ကန် ပြီးစီးအောင်လုပ်ခြင်းဖြစ်သည်။

(ဇ) **မိမိ၏လုပ်ဆောင်ချက်အပေါ်တာဝန်ယူမှုရှိခြင်း**

မိမိလုပ်ဆောင်ချက်ကြောင့် ဖြစ်ပေါ်လာသော ကောင်းခြင်း၊ ဆိုးခြင်းရလဒ် အားလက်ခံနိုင်ခြင်းဖြစ်သည်။

**ပူ့အဖွဲ့အစည်းနှင့် အခြားသူတို့အား တာဝန်ယူမှုရှိခြင်း**

|။ လူတို့၏ တာဝန်နှင့်ဝတ္တရားမှာ လူ့အဖွဲ့အစည်းမှ အဖွဲ့ဝင်တစ်ယောက်အနေဖြင့် အများနှင့် ိုင်သော အာမခံချက်ရှိရမည်ဖြစ်သည်။ လူတိုင်းသည် လူ့အဖွဲ့အစည်းတွင် ပါဝင်သည်ဟုဆိုရာတွင် သးငယ်သော လူ့အဖွဲ့အစည်းမှသည် ကြီးမားသော လူ့အဖွဲ့အစည်းအထိ ပါဝင်ဆက်နွှယ်လျက် ှသည်။ လူ့အဖွဲ့အစည်းဟုဆိုရာတွင် မိသားစု၊ စာသင်ခန်း၊ ကျောင်း၊ အဖွဲ့အစည်းနှင့် နိုင်ငံ စသည်ဖြင့် ခစဉ်လိုက် ပါဝင်နေသည်။ လူတစ်ဦးတစ်ယောက်၏ အပြုအမူသည် လူ့အဖွဲ့အစည်းအား လုံခြုံမှု ပးနိုင်ခြင်းသည် တာဝန်ယူမှုနှင့် သက်ဆိုင်သည်။

။ လူတို့၏ လူ့အဖွဲ့အစည်းနှင့် အခြားသူတို့အား တာဝန်ယူမှုရှိခြင်းနှင့် တာဝန်ရှိခြင်းကို ယေဘုယျ ားဖြင့် အောက်ပါအတိုင်း အပိုင်း(၅) ပိုင်း ခွဲခြားဖော်ပြပါသည်-

(က) **မိသားစုနှင့် မိမိကိုယ်ကို တာဝန်ယူမှုရှိခြင်း**

မိမိဆောင်ရွက်နိုင်သည့်ကိစ္စရပ်များကို အပြည့်အဝကူညီဆောင်ရွက်ခြင်း၊ ယုံကြည်မှုရှိခြင်း၊ လေးစားမှုရှိခြင်းတို့သည် လူကောင်းတို့၏အပြုအမူဖြစ်သည်။ ပညာကို စိတ်ပါဝင်စားစွာ သင်ယူခြင်း၊ မိသားစုကို ဒုက္ခမပေးခြင်း၊ ကူညီထိန်းသိမ်းခြင်းတို့လည်း ပါဝင်သည်။

(ခ) **သူငယ်ချင်းများနှင့်စပ်လျဉ်း၍ တာဝန်ယူမှုရှိခြင်း**

သူငယ်ချင်းများအား မောင်နှမရင်းချာကဲ့သို့ ချစ်ခင်ခြင်း၊ သူငယ်ချင်းများ လမ်းမှား ရောက်နေလျှင် လမ်းမှန်သို့ရောက်အောင် လမ်းပြပေးခြင်း၊ သူငယ်ချင်းများကို သင့်တော်

(ဂ) **စာသင်ကျောင်းတွင် တာဝန်ယူမှုရှိခြင်း**

သင်ကြားသင်ယူမှုကိုစိတ်ပါဝင်စားခြင်း၊ ကျောင်းမပျက်ကွက်ခြင်း၊ လေးစားမှုရှိခြင် ယုံကြည်လက်ခံနားထောင်တတ်ခြင်း၊ ကျောင်းလှုပ်ရှားမှုများတွင် ပါဝင်ကူညီခြင် သန့်ရှင်းမှုထိန်းသိမ်းခြင်း၊ ကျောင်း၏သင်ကြားရေး၊ သင်ထောက်ကူပစ္စည်းများဂ မဖျက်ဆီးခြင်း၊ ကျောင်း၏ဂုဏ်သတင်းအား ထိန်းသိမ်းခြင်းတို့သည် စာသင်ကျောင်း တာဝန်ယူမှုရှိသည့် အပြုအမူများဖြစ်သည်။

(ဃ) **အဖွဲ့အစည်းအား တာဝန်ယူမှုရှိခြင်း**

အဖွဲ့အစည်း၏ အဖွဲ့ဝင်တိုင်းသည် အဖွဲ့အစည်းအား တာဝန်ယူမှုရှိရသည်။ လေးစားမှု ခြင်း၊ သတ်မှတ်စည်းကမ်းများကိုလိုက်နာခြင်း၊ မိမိတို့အဖွဲ့အစည်း၏ ရိုးရာယဉ်ကျေး အား ထိန်းသိမ်းခြင်း၊ အဖွဲ့အစည်း၏ လုပ်ငန်းတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက ခြင်း၊ အများအကျိုးဆောင်ရွက်ခြင်း စသည်တို့သည် အဖွဲ့အစည်း၏ အဖွဲ့ဝင်အဖြ တာဝန်ယူမှုရှိခြင်းဖြစ်သည်။

(င) **နိုင်ငံတော်ကို တာဝန်ယူမှုရှိခြင်း**

ဥပဒေ၊ စည်းမျဉ်းများကို လိုက်နာခြင်း၊ နိုင်ငံသားတို့၏ အကျိုး၊ အများအကျိုးဂ လက်တွဲဆောင်ရွက်ခြင်း၊ နိုင်ငံသားတို့ အသီးသီးယုံကြည်ကိုးကွယ်သော ဘာသ သာသနာအား အသီးသီးစောင့်ရှောက်ထိန်းသိမ်းခြင်း၊ စည်းလုံးညီညွတ်မှုရှိခြင်း၊ ရိုး ယဉ်ကျေးမှုအားထိန်းသိမ်းခြင်း၊ နိုင်ငံသားဖြစ်မှုကို ထိန်းသိမ်းခြင်း စသည်တို့သည် နိုင် တော်ကို တာဝန်ယူမှုရှိခြင်းဖြစ်သည်။

## တာဝန်ယူမှုရှိခြင်း၏ အရေးကြီးသောအချက်များ

၇။ တာဝန်ယူမှုရှိခြင်းသည် အရည်အချင်းကောင်းတစ်ခုဖြစ်ပြီး လူငယ်လူရွယ်နှင့် ကလေးများအ ထိုအရည်အချင်းရှိရန်အတွက် မွေးမြူပေးရန်လိုအပ်သည်။ ၎င်းအပြင် စည်းကမ်းရှိခြင်း၊ ရိုးသ ဖြောင့်မတ်ခြင်း၊ ကြိုးစားမှုရှိခြင်းတို့လည်းရှိရမည်။ နိုင်ငံ့သားကောင်းတို့၏ လက္ခဏာပုံစံတွင် အကျ စာရိတ္တကောင်းသည့် အခြေခံအပြုအမူနှင့် ဥပဒေအရ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းမျ ဘာသာသာသနာ၏ သတ်မှတ်စည်းမျဉ်းများကို လိုက်နာရန် အချက်လည်းပါဝင်သည်။ မိမိ၏ အခွ အရေး ခံစားခွင့်ထက် အများအကျိုးကို စဉ်းစားပေးရမည်။ တာဝန်ယူမှုရှိခြင်းသည် အရေးကြီးသည နည်းဗျူဟာဖြစ်ပြီး သတ်မှတ် စည်းမျဉ်း၊ စည်းကမ်းတို့အားလိုက်နာစေရန် တွန်းအားတစ်ခုလည် ဖြစ်သည်။ အခြားသူတို့အား လေးစားမှုရှိခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ လူ့အဖွဲ့အစည်းအတွင်း အဖွဲ့ဝင်လူသားတို့အားကူညီခြင်း၊ လက်တွဲဆောင်ရွက်ခြင်းရှိရမည်။ ယနေ့ခေတ် လူ့အဖွဲ့အစည်းတွ ကတိပျက်ကွက်ခြင်းများ ကြုံတွေ့နေရပြီး လူ့အဖွဲ့အစည်းသည် တာဝန်ယူမှုမရှိသော သူများကြောင့် ငြိမ်းချ

DBE Box

မိမိကိုယ်ကိုတာဝန်ယူမှုရှိခြင်းနှင့် လူ့အဖွဲ့အစည်းမှ အခြားသူများအပေါ်တာဝန်ယူမှုရှိခြင်းအတွက် ဥပမာပုံများ

### မိမိကိုယ်ကိုတာဝန်ယူမှုရှိခြင်း



လေ့ကျင့်ခန်းလုပ်ခြင်း



အိမ်စာလုပ်ခြင်း



### လူ့အဖွဲ့အစည်းမှ အခြားသူများအပေါ် တာဝန်ယူမှုရှိခြင်း



သက်ကြီးရွယ်အိုဘိုးဘွားများအားစောင့်ရှောက်ခြင်း



ဆရာကန်တော့ခြင်း



## အသိပညာပေးစာစောင် (၃)

# နိုင်ငံနှင့်လူ့အဖွဲ့အစည်းမှလူငယ်တို့၏ တာဝန်နှင့်ဝတ္တရားများ

၁။ လူငယ်တို့သည် လူ့အဖွဲ့အစည်း၏ အဖွဲ့ဝင်ကောင်းများဖြစ်သည်။ လူငယ်ဆိုသည်မှ အနာဂတ်တွင် တိုင်းပြည်တိုးတက်စေရန်အတွက် အကျိုးပြုလုပ်ငန်းများလုပ်ဆောင်ရာတွင် အကူအည ပေးနိုင်သည့် လွန်စွာအရေးပါသော စွမ်းအားရှိသည့် ငယ်ရွယ်နုပျိုသော နိုင်ငံ့သားကောင်းရတနာမျာ ဖြစ်သည်။

## ကောင်းမွန်သော လူငယ် / လူတော်၊ လူကောင်း

၂။ (က) ဘဝအတွက် လူ့ကျင့်ဝတ်၊ အကျင့်သိက္ခာရှိသောသူ၊

(ခ) အခြားသူတို့ကို လေးစားမှုပေးတတ်သူ၊

(ဂ) ပေးအပ်ထားသောတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်သူ၊

(ဃ) အခြားသူတို့၏ ထင်မြင်ချက်များကိုနားထောင်ပြီး အကျိုးအကြောင်းဆင်ခြင်တတ်သူ

(င) ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းလိုက်နာသူ၊

(စ) အဖွဲ့အစည်း၏ သတ်မှတ်ချက်များကို လိုက်နာသူ၊

(ဆ) အဖွဲ့အစည်း၏ တိုးတက်ရေးနှင့် ပေါ်ပေါက်လာသောပြဿနာကို တက်ကြွစွာ ဖြေရှင် တတ်သူ ဖြစ်သည်။

## လူငယ်လူကောင်းတို့၏ လက္ခဏာပုံစံများ

၃။ လူငယ်လူကောင်းတို့သည် အကျင့်သိက္ခာ၊ လူ့ကျင့်ဝတ်များရှိရမည်။ တရားမျှတမှုရှိရမည် လူငယ်လူကောင်းတို့၏ လက္ခဏာပုံစံများမှာ-

(က) **အများအကျိုးအတွက် ကိုယ်ကျိုးစွန့်ခြင်း။** အများအကျိုးအတွက် ကိုယ်ကျို စွန့်ခြင်းသည် ရှေ့ဆက်ရမည့်ခြေလှမ်းများအတွက် ကူညီပေးသောကိုယ်ကျင့်တရာ ဖြစ်သည်။ လူ့အဖွဲ့အစည်းအတွင်းမှ လူအားလုံးသည် အများအကျိုးကိုသာကြည့်၍ ကိုယ်ကျိုးစွန့်ကြမည်ဆိုလျှင် လူ့အဖွဲ့အစည်းသည် လျင်မြန်စွာ တိုးတက်သာယာလ မည်။

(ခ) **စည်းကမ်းရှိခြင်းနှင့်တာဝန်ယူမှုရှိခြင်း။** စည်းကမ်းရှိခြင်းနှင့် တာဝန်ယူ ရှိခြင်းသည် လူ့အဖွဲ့အစည်းအား ကျင့်ဝတ်ထိန်းသိမ်းခြင်းဖြင့် ကူညီခြင်းဖြစ်သည် လူ့အဖွဲ့အစည်းအတွင်းမှ အဖွဲ့ဝင်တို့သည် စည်းကမ်းလိုက်နာကာ မိမိတို့လုပ်ပိုင်ခွင့်ဂ

(ဂ) **ရိုးသားဖြောင့်မတ်မှုရှိခြင်း။** ရိုးသားဖြောင့်မတ်မှုရှိခြင်းသည် အရေးကြီးသော ကိုယ်ကျင့်သိက္ခာဖြစ်သည်။ လူ့အဖွဲ့အစည်းအတွင်းမှ အဖွဲ့ဝင်တို့သည် ရိုးသားဖြောင့်မတ်ကြမည်ဆိုလျှင် အခြားသူတို့ပိုင်ဆိုင်သော ပစ္စည်းများအား ဖျက်ဆီးခြင်း၊ ခိုးယူခြင်း မပြုပါက လူ့အဖွဲ့အစည်း တိုးတက်ဖွံ့ဖြိုးလာပြီး နိုင်ငံသားအားလုံးတို့သည် စိတ်ချမ်းသာကြမည်ဖြစ်ပါသည်။

(ဃ) **အများအကျိုးအတွက် သင့်သင့်မြတ်မြတ်အတူတကွလက်တွဲဆောင်ရွက်ခြင်း။** အများအကျိုးအတွက် သင့်သင့်မြတ်မြတ် အတူတကွလက်တွဲဆောင်ရွက်ခြင်းဖြင့် စည်းလုံးညီညွတ်၍အင်အားရှိသော လူ့အဖွဲ့အစည်းအား ဖြစ်ပေါ်စေသည်။ အကယ်၍ လူ့အဖွဲ့အစည်းအတွင်းရှိ လူတို့သည် အတွေးအခေါ်လုပ်ဆောင်ချက်များ မတူကွဲပြားမှုကြီးမားနေလျှင် လူ့အဖွဲ့အစည်းသည် အင်အားယုတ်လျော့ပြိုလဲနိုင်သည်။

(င) **ဟီရိဩတ္တပ္ပဟူသော မကောင်းမှုပြုလုပ်ခြင်းအား ရှက်ရွံ့ကြောက်လန့်ခြင်း။** ဟီရိဩတ္တပ္ပဟူသော မကောင်းမှုပြုလုပ်ခြင်းအား ရှက်ရွံ့ကြောက်လန့်ခြင်းရှိလျှင် လူ့အဖွဲ့အစည်းသည် ဖွံ့ဖြိုးသာယာမည်ဖြစ်သည်။ ဆိုလိုသည်မှာ နိုင်ငံ့တာဝန်ထမ်းဆောင်သူတို့သည် လာဘ်စားခြင်းကင်းပြီး ရိုးသားဖြောင့်မတ်ခြင်း၊ မိမိနှင့်ဆွေမျိုးမိတ်ဆွေ အသိုင်းအဝိုင်းတို့၏ အကျိုးတစ်ခုတည်းကိုသာမကြည့်ဘဲ နိုင်ငံသားတို့၏အကျိုးကသာ အရေးကြီးဆုံးကိစ္စဖြစ်သည်ဟုမြင်ခြင်းဖြင့် ဟီရိဩတ္တပ္ပတရားရှိစွာဖြင့် မကောင်းမှုပြုလုပ်ခြင်းအား ရှောင်ကြဉ်မည်ဆိုလျှင် လူ့အဖွဲ့အစည်းသည် ဖွံ့ဖြိုးသာယာမည်ဖြစ်သည်။

DPE BOX

## တာဝန်နှင့်ဝတ္တရားအရ လူငယ်လူကောင်းတို့လုပ်ဆောင်ရန်အချက်များ

။ အဆင့်အတန်းရှိသော လူငယ်ဖြစ်ရန် ကြိုးစားလုပ်ဆောင်သင့်သည့် လူငယ်တို့၏ တာဝန်ဝတ္တရားများကို အောက်တွင်ဆက်လက်ဖော်ပြပါသည်။

### ူငယ်နှင့် မိသားစုဝင်ကောင်းဖြစ်ခြင်း

။ (က) မိဘစကားနားထောင်ပြီး လေးစားမှုရှိခြင်း၊

(ခ) လုပ်ပေးနိုင်သော အရာတိုင်းကို လုပ်ပေးခြင်းဖြင့် မိဘတို့အားကူညီခြင်း၊

(ဂ) အသုံးစရိတ်ချွေတာတတ်ခြင်း၊

(ဃ) စာကို စိတ်ပါဝင်စားစွာလေ့လာခြင်း။

## လူငယ်နှင့် ကျောင်းသားကောင်းဖြစ်ခြင်း

၆။ (က) ကျောင်းသားတို့ ထမ်းဆောင်ရမည့်တာဝန်အား တာဝန်ယူခြင်း (ဆိုလိုသည်မှာ ကျောင်းပညာရေးတွင် စိတ်ပါဝင်စားမှုရှိရမည်။ လူတော်လူကောင်းတို့၏ အမူအကျင့်ရှိရမည်။)

(ခ) ဆရာတို့၏ လေ့ကျင့်သင်ကြားမှုကို ယုံကြည်စွာ နားထောင်ခြင်း၊

(ဂ) ဆရာသမားတို့၏ကျေးဇူးကို သိရှိနားလည်ခြင်း၊

(ဃ) ကျောင်းနေဖက် သူငယ်ချင်းများကို ချစ်ခင်ခြင်း၊

(င) မှန်ကန်သောလမ်းကြောင်းဖြင့် သူငယ်ချင်းတို့၏ဘဝကို မြှင့်တင်ပေးခြင်း။

## လူငယ်နှင့် အဖွဲ့အစည်း၏ အဖွဲ့ဝင်ကောင်းဖြစ်ခြင်း

၇။ လူငယ်များအတွက် အဖွဲ့အစည်းဆိုသည်မှာ အရွယ်အစားအားဖြင့် သေးငယ်သော လူ့အဖွဲ့အစည်းကိုဆိုလိုသည်။ (ဥပမာ- ရပ်ကွက်/ကျေးရွာတွင် ရပ်ကွက်သူရပ်ကွက်သားဖြစ်ခြင်း၊ ရွာသူရွာသားဖြစ်ခြင်း) လူငယ်များဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းများအတွက် လိုက်နာလုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်သည်-

DBE Box

(က) သန့်ရှင်းမှုကိုထိန်းသိမ်းခြင်း၊( ဥပမာ- စနစ်တကျအမှိုက်ပစ်ခြင်း၊ အညစ်အကြေးများကို ကူညီသန့်ရှင်းပေးခြင်း)

(ခ) ပတ်ဝန်းကျင်ကိုထိန်းသိမ်းခြင်း၊(ဥပမာ- အများပိုင်ပစ္စည်းများကို ကူညီစောင့်ရှောက်ခြင်း၊ ရှေးဟောင်းပစ္စည်းများကို မပျောက်ပျက်အောင် ထိန်းသိမ်းခြင်း)

(ဂ) အဖွဲ့အစည်းများ၏ အများအကျိုးအတွက် စုပေါင်းလှုပ်ရှားမှုများတွင်ပါဝင်ခြင်း။

## လူငယ်နှင့် နိုင်ငံ့သားကောင်းအဖွဲ့ဝင်ဖြစ်ခြင်း

၈။ (က) ၁၂နှစ်ကာလ အခြေခံပညာရေးကို သင်ယူခြင်း၊

(ခ) စည်းမျဉ်းဥပဒေကိုလိုက်နာခြင်း၊

(ဂ) သဘာဝအရင်းအမြစ်များကို တန်ဖိုးထား၍ အသုံးပြုခြင်း၊

(ဃ) နိုင်ငံတော်မှ စီစဉ်သော လှုပ်ရှားမှုများတွင် ကူညီခြင်း၊

(င) အသက်မွေးဝမ်းကျောင်းမှုအတွက် ရိုးသားကြိုးစားခြင်း၊

(စ) ငြိမ်းချမ်းစွာ နေထိုင်ခြင်း၊

DBE Box

DBE Box

DBE Box



# အခန်း (၁)
# လူမှုကျင့်ဝတ်

မိသားစုအတွင်း တန်ဖိုးထားလေးစားရမည့် ကိုယ်ကျင့်တရားများနှင့် ကျင့်ဝတ်များဖြစ်သော ယဉ်ကျေးစွာပြုမူပြောဆိုခြင်း၊ အပြန်အလှန်ရိုသေလေးစားမှုရှိခြင်း၊ ရိုးသားဖြောင့်မတ်စွာ ကျင့်ကြံနေထိုင်ခြင်းနှင့် တစ်ဦးနှင့်တစ်ဦး ချစ်ခင်မြတ်နိုး တန်ဖိုးထားခြင်းတို့ကို ဆဋ္ဌမတန်းတွင် လေ့လာသင်ယူပြီး ဖြစ်သည်။ ဤအခန်းတွင် လူမှုကျင့်ဝတ်များကို ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်တွင် မည်သို့ လိုက်နာကျင့်သုံးမည်ကို ဆက်လက်လေ့လာသင်ယူရမည် ဖြစ်သည်။ ကျောင်းသည် ကျောင်းသားများအတွက် ပညာသင်ယူရန် ပတ်ဝန်းကျင်တစ်ခု ဖြစ်ရုံသာမက အလေ့အကျင့်ကောင်းများ လေ့ကျင့်သင်ယူရာ လူ့အဖွဲ့အစည်းငယ်တစ်ခုလည်း ဖြစ်ပါသည်။ ထိုကျောင်းမှ အလေ့အကျင့်ကောင်းများသည် ကျယ်ပြန့်သော လူ့အဖွဲ့အစည်းအတွက် အထောက်အပံ့ပင် ဖြစ်စေသည်။

DBE BOX

**ဤအခန်းပြီးလျှင် ကျောင်းသားများသည် ကျောင်းတွင် ကျောင်းသားများနှင့်ဖြစ်စေ၊ ဆရာများနှင့်ဖြစ်စေ၊ ဝန်ထမ်းများ၊ ကျောင်းနှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်ဖြစ်စေ ဆက်ဆံရာတွင်**

- ယဉ်ကျေးစွာ ပြုမူနေထိုင်တတ်မည်။
- ရိုသေလေးစားစွာ ဆက်ဆံတတ်မည်။
- ရိုးသားဖြောင့်မတ် တည်ကြည်စွာ ပြုမူနေထိုင်တတ်မည်။
- တစ်ဦးနှင့်တစ်ဦး စာနာစိတ်ဖြင့် ချစ်ခင်စွာနေထိုင်တတ်မည်။

## သင်ခန်းစာ(၁.၁) ယဉ်ကျေးလိမ္မာ ကျောင်းအတွင်းမှာ

စာသင်ခန်းအတွင်း သူငယ်ချင်းအချင်းချင်း စကားပြောဆိုရာတွင်လည်းကောင်း၊ ဆရာများနှင့် ပြောဆိုဆက်ဆံရာတွင်လည်းကောင်း၊ ကျောင်းအတွင်း တစ်ဦးနှင့်တစ်ဦးပြောဆိုဆက်ဆံရာတွင် လည်းကောင်း ယဉ်ကျေးစွာ ပြုမူပြောဆိုရမည်။


### အဓိပ္ပာယ်ဖွင့်ဆိုချက်

### ယဉ်ကျေးခြင်း


ယဉ်ကျေးခြင်းဆိုသည်မှာ လူတစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင် မိမိ၏အပြုအမူ၊ အပြောအဆို တို့သည် အခြားသူများအား ထိခိုက်နစ်နာစေခြင်း၊ အနှောင့်အယှက်ဖြစ်စေခြင်းမရှိဘဲ ပြုမူပြောဆို ဆက်ဆံခြင်းကို ဆိုလိုသည်။

**(က) ယဉ်ကျေးခြင်း – အခြားသူများအား လေးစားသောအပြုအမူ။**

**တစ်ဦးနှင့်တစ်ဦး ယဉ်ကျေးစွာပြောဆိုဆက်ဆံရာတွင် လုပ်ဆောင်ရမည့် အပြုအမူများ**



**(ခ) ရုပ်ပုံများကိုလေ့လာ၍ စာသင်ခန်းအတွင်း နေထိုင်မှုပုံစံများကို ဆွေးနွေးပါ။**



DBE Box

**ကျောင်းအတွင်း နေထိုင်မှုပုံစံများကိုလေ့လာ၍ သင့်ကျောင်းအတွင်းတွင် မည်သို့ပြုမူ နေထိုင်မည်ကို ဆွေးနွေးပါ။**

**(ဂ) ကျောင်းအတွင်း ရှောင်ကြဉ်ရမည့် မယဉ်ကျေးသောအပြုအမူများ**


| ကျောင်းပိုင် ပစ္စည်းများကို စနစ်တကျ အသုံးမပြုခြင်း | ကျောင်းရှိ စာရေးခုံ၊ ထိုင်ခုံများတွင် ခြစ်ရာထွင်းရာများပြုလုပ်ခြင်း၊ ချိုးပစ်ခြင်းနှင့် စာသင်ခန်းနံရံများ ညစ်ပေအောင်ပြုလုပ်ခြင်းသည် မယဉ်ကျေးသော အပြုအမူများဖြစ်သည်။ |
|---|---|
| အမှိုက်များကို စနစ်တကျ မစွန့်ပစ်ခြင်း | ကျောင်းပရဝဏ်အတွင်း အမှိုက်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းသည် မယဉ်ကျေးသော အပြုအမူ ဖြစ်သည်။ |

| | |
|---|---|
| ကျောင်းတက်ကျောင်းဆင်းချိန်တွင်စနစ်တကျမရှိခြင်း | ကျောင်းတက်ကျောင်းဆင်းချိန်တွင် တစ်ဦးနှင့်တစ်ဦး တွန်းတိုက်၍ထွက်ခြင်းသည် မယဉ်ကျေးသောအပြုအမူ ဖြစ်သည်။ |
| ကျောင်းတွင်းအော်ဟစ်ဆူညံမှုများပြုလုပ်ခြင်း | စာသင်ခန်းများရှေ့၊ ဆရာ၊ ဆရာမများနားနေခန်းရှေ့နှင့် ကျောင်းအုပ်ကြီးရုံးခန်းရှေ့သို့ဖြတ်သွားသောအခါသီချင်းဆိုခြင်းနှင့်စကားကိုအော်ဟစ်၍ကျယ်လောင်စွာ ပြောဆိုခြင်းသည် မယဉ်ကျေးသောအပြုအမူဖြစ်သည်။ |

**အထက်ဖော်ပြပါ အချက်နှင့်မတူညီသည့် မယဉ်ကျေးသော အပြုအမူအချို့ကို ဆွေးနွေးဖော်ထုတ်ပါ။**

**(ဃ) ယဉ်ယဉ်ကျေးကျေးစကားပြောကြမယ်**

- သူငယ်ချင်းကိုအကူအညီတောင်းခြင်း



- သူငယ်ချင်းအကူအညီတောင်းရာတွင် မလုပ်ဆောင်နိုင်ကြောင်းကို ယဉ်ကျေးစွာငြင်းပယ်ခြင်း



**အောက်ပါမေးခွန်းတို့ကို ဆွေးနွေးပါ။**

၁။ အကြောင်းတစ်ခုခုဖြင့်ဆရာကို ခွင့်တိုင်လိုသည့်အခါ မည်သို့ပြုမူမည်နည်း။

၂။ အတန်းချိန်ပျက်ကွက်မှု စာသင်ချိန်ပျက်ကွက်မှုအတွက် မည်သို့ခွင့်တိုင်မည်နည်း။

၃။ ကျောင်းအုပ်ကြီးက ချီးမွမ်းပြောဆိုသည့်အခါ မည်သို့ပြန်လည်ပြောဆိုမည်နည်း။

## ဖြစ်ရပ်လေ့လာခြင်း

**ဖြစ်ရပ် (၁)**

ကျော်ကျော်တို့ သူငယ်ချင်းတစ်စု ကျောင်းသို့လာရာလမ်းတွင် မြို့နယ်ပညာရေးမှူးရုံးမှ လချုပ်စာရင်းယူရန် လွှတ်လိုက်သည့် ဆိုင်ကယ်စီးလာသော ဦးလေးကြီး၊ အဒေါ်ကြီးတို့နှင့် ဆုံသောအခါ ဦးလေးကြီးက 'သားတို့ ဦးတို့က အထက ဖွဲ့ထော်ကျောင်းကို သွားချင်လို့ လမ်းက ရှေ့မှာ နှစ်ခုဖြစ်နေတယ်၊ ဘယ်လမ်းက သွားရမလဲ သိချင်လို့'ဟု မေးပါသည်။ ထိုအခါ ကျော်ကျော်နှင့် သူငယ်ချင်းတစ်စုသည် သူတို့သွားမည့်လမ်းနှင့်တူသော်လည်း လမ်းကို လွှဲ၍ပြောဆိုခဲ့ပါသည်။

**ဖြစ်ရပ် (၂)**

ထွန်းထွန်းတို့ သူငယ်ချင်းတစ်စု ကျောင်းသို့ လာရာလမ်းတွင် မြို့နယ်ပညာရေးမှူးရုံးမှ လချုပ်စာရင်းယူရန် လွှတ်လိုက်သည့် ဆိုင်ကယ်စီးလာသော ဦးလေးကြီးနှင့်အဒေါ်ကြီးတို့ ကျောင်းရှာမတွေ့၍ အခက်ကြုံနေသည်ကို တွေ့သောအခါ ထွန်းထွန်းက 'ဦးနဲ့အန်တီတို့က ဘယ်သွားကြမလို့လဲ'ဟု မေးလေသည်။ ဦးလေးကြီးက 'ဦးတို့က အထက ဖွဲ့ထော်ကျောင်းကို သွားချင်လို့ပါ' ဟုပြောသည်။ ထိုအခါ ထွန်းထွန်းတို့ သူငယ်ချင်းတစ်စုက လမ်းကြောင်းအမှန်ကို အတိအကျ ညွှန်ပြလိုက်သည်။

DBE BOX

**အောက်ပါ မေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။**

(က) ကျော်ကျော်တို့ သူငယ်ချင်းတစ်စုသည် ယဉ်ကျေးသည့်အပြုအမူကို ပြုလုပ်ခဲ့သည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

(ခ) ထွန်းထွန်းတို့ သူငယ်ချင်းတစ်စုသည် ယဉ်ကျေးသည့်အပြုအမူကို ပြုလုပ်ခဲ့သည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

(ဂ) သင်တို့၏ နေ့စဉ်ဘဝတွင် မည်သည့်အပြုအမူနှင့် အပြောအဆိုများကို အသုံးပြုရမည်နည်း။

**ပေးထားသော အခြေအနေကိုကြည့်၍ သင်တို့သည် ကျောင်းနှင့်ဆက်နွှယ်နေသူများကို မည်ကဲ့သို့ ယဉ်ကျေးစွာ ပြောဆိုပြုမူဆက်ဆံရမည်ဖြစ်ကြောင်း ရေးသားပါ။**

| အခြေအနေ | ပြောဆိုပြုမူ ဆက်ဆံပုံ |
|---|---|
| (၁) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေး တက်ရောက်ရန် ကျောင်းသားမိဘများ ကျောင်းသို့ လာသောအခါ | ------------------------------------------<br>------------------------------------------<br>------------------------------------------ |

| | |
|---|---|
| (၂) ပြင်ပအဖွဲ့အစည်းမှ ကျောင်းသို့ စာရေးကိရိယာများနှင့် စာရေးစားပွဲခုံများကို လာရောက်လှူဒါန်းသူက ကျောင်း၏လိုအပ်ချက်များအကြောင်း မေးသောအခါ | ------------------------------------------------ |
| (၃) ရပ်ရွာလူကြီးများက စုပေါင်း၍ ကျောင်းသို့ အာဟာရဒါနများ လာရောက် တိုက်ကျွေးသောအခါ | ------------------------------------------------ |
| (၄) ကျောင်းအတွက် လိုအပ်သော စာအုပ်များကို ကျောင်းပြင်ပအဖွဲ့အစည်းတစ်ခုမှ ကျောင်းစာကြည့်တိုက်သို့ လှူဒါန်းလိုသောကြောင့် လာရောက် စုံစမ်းသောအခါ | ------------------------------------------------ |
| (၅) ကျောင်းသို့ ယဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲ လာရောက်ကျင်းပသည့်အခါ | ------------------------------------------------ |

DBE Box

**အဓိကအချက်များ**

- ကျောင်းအတွင်း တစ်ဦးနှင့်တစ်ဦးပြောဆိုဆက်ဆံရာတွင် ယဉ်ကျေးစွာပြုမူ ပြောဆိုရမည်။
- ယဉ်ကျေးခြင်းဆိုသည်မှာ လူတစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင် မိမိ၏အပြုအမူ၊ အပြောအဆိုတို့သည် အခြားသူများအား ထိခိုက်နစ်နာစေခြင်း၊ အနှောင့်အယှက်ဖြစ်စေခြင်းမရှိဘဲ ပြုမူပြောဆိုဆက်ဆံခြင်းကို ဆိုလိုသည်။

**အောက်ပါမေးခွန်းများကို သင့်ကိုယ်သင် သုံးသပ်ဖြေဆိုပါ။**

(၁) ယဉ်ကျေးသည့် ကျောင်းသားတစ်ဦးတွင် မည်သည့် အရည်အသွေးများရှိရမည်နည်း။

(၂) ယဉ်ကျေးမှုရှိသော ကျောင်းသားနှင့် ယဉ်ကျေးမှုမရှိသော ကျောင်းသားကို သင်မည်ကဲ့သို့ ခွဲခြားနိုင်ပါသနည်း။

(၃) ကျောင်းတွင်အတန်းဖော်၊ ဆရာများ၊ ကျောင်းရှိ ဝန်ထမ်းများ၊ ကျောင်းနှင့်ဆက်နွယ်နေသူများနှင့် ဆက်ဆံရာတွင် ယဉ်ကျေးသိမ်မွေ့မှုကို ဖော်ပြသည့် အရေးကြီးသည်ဟု ယူဆသော အပြုအမူ၊ အပြောအဆို ၅ မျိုးကိုဖော်ပြပါ။ မည်သည့်အပြုအမူက အရေးကြီးဆုံးဖြစ်သနည်း။

## သင်ခန်းစာ(၁.၂) ရိုသေလေးစား တို့ကျောင်းသား

မိမိတို့အိမ်ရှိ မိသားစုဝင်များနှင့် ဆက်ဆံရာတွင် အပြန်အလှန် ရိုသေလေးစားမှုရှိရန် လိုအပ်သကဲ့သို့ ကျောင်းတွင်းရှိ အတန်းဖော်သူငယ်ချင်းများ သို့မဟုတ် ကျောင်းသားများ အချင်းချင်း၊ ဆရာများ၊ ကျောင်းရှိဝန်ထမ်းများ၊ ကျောင်းနှင့် ဆက်နွယ်နေသူများနှင့်လည်း အပြန်အလှန် ရိုသေလေးစားစွာဆက်ဆံသည့် အလေ့အကျင့်ကောင်းများ ရှိရန်လိုအပ်ပါသည်။

### အဓိပ္ပာယ်ဖွင့်ဆိုချက်

**ရိုသေလေးစားခြင်း**

ရိုသေလေးစားခြင်းဆိုသည်မှာ လူတစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင် မတူကွဲပြားမှုကို လက်ခံပြီး သူတစ်ပါးအပေါ် အလေးထားခြင်း၊ ဦးစားပေးခြင်း၊ မိမိကိုယ်ကို နှိမ့်ချစွာ ဆက်ဆံခြင်းပင် ဖြစ်သည်။

### (က) စာသင်ခန်းအတွင်း အချင်းချင်းအပြန်အလှန် ရိုသေလေးစားမှု

DBE Box

**အောက်တွင်ဖော်ပြထားသည့် အပြန်အလှန် ရိုသေလေးစားမှုနှင့်ဆိုင်သော အပြုအမူများ အနက် စာသင်ခန်းတွင် ကျင့်သုံးသင့်သည့် အပြုအမူများနှင့် မကျင့်သုံးသင့်သည့်အပြုအမူများကို စဉ်းစားရွေးချယ်၍ အဘယ်ကြောင့် ကျင့်သုံးသင့်ကြောင်းနှင့် မကျင့်သုံးသင့်ကြောင်း အကြောင်းပြချက်ပေးပါ။**

| အပြန်အလှန်ရိုသေလေးစားမှုနှင့် ဆိုင်သော အပြုအမူများ | ကျင့်သုံးသင့်သည် သို့မဟုတ် မကျင့်သုံးသင့်ပါ အကြောင်းပြချက်ပေးပါ |
|---|---|
| မောင်ကောင်းသည် ဆရာမ၏စာအုပ်များကို ကူညီ၍ သယ်ပေးသည်။ | |
| သူငယ်ချင်း အချင်းချင်း ဝင်တိုက်မိသော အခါ ပြန်တောင်းပန်သည်။ | |
| အမှိုက်များကို စနစ်တကျ မစွန့်ပစ်ပါ။ | |
| မောင်မျိုးက အခြားသူငယ်ချင်းများကို မောင်ဖြိုးနှင့်အတူ မကစားရန် ပြောသည်။ | |
| စာသင်ခန်းသို့ အချိန်မီ ရောက်အောင်လာသည်။ | |
| အတန်းတွင်း သူငယ်ချင်း အချင်းချင်းခိုက်ရန် ဖြစ်ပွားသည်။ | |

**(ခ) ကျောင်းအတွင်း အချင်းချင်းအပြန်အလှန် ရိုသေလေးစားမှု ရုပ်ပုံကားချပ်ဖန်တီးခြင်း**

**မိမိတို့ကျောင်းရှိ ကျောင်းသားများသည် အတန်းဖော်သူငယ်ချင်း သို့မဟုတ် ကျောင်းသားများ အချင်းချင်းဖြစ်စေ၊ ဆရာများ၊ ကျောင်းရှိဝန်ထမ်းများ၊ ကျောင်းနှင့်ဆက်နွှယ်နေသူများနှင့် ဖြစ်စေ ဆက်ဆံရာတွင် အပြန်အလှန် ရိုသေလေးစားမှုကိုဖော်ပြသည့် ရုပ်ပုံကားချပ်(ပိုစတာ) တစ်ခုကို အုပ်စုလိုက် ဆွေးနွေးဖန်တီးပါ။**




DEBOX

**အုပ်စုလိုက် သရုပ်ဆောင်ခြင်းလုပ်ငန်း**

**အောက်တွင်ဖော်ပြထားသော အပြန်အလှန်ရိုသေလေးစားမှု ဖြစ်ရပ်ကို နမူနာကြည့်၍ ပေးထားသော ဖြစ်ရပ်တစ်ခုစီအတွက် ဇာတ်ဟန်ခင်းကျင်းပါ။**

**ဖြစ်ရပ် (၁)**

**အတန်းဖော်သူငယ်ချင်း သို့မဟုတ် ကျောင်းသားများ အချင်းချင်းအပြန်အလှန် ရိုသေလေးစားမှု**

အတန်းထဲတွင် သင်္ချာ(၂)ပုစ္ဆာများတွက်ရင်း စက်ဝိုင်းပုံဆွဲနေရာမှ ကွန်ပါတွင်တပ်ထားသော ခဲတံကျိုးသွားသဖြင့် သူငယ်ချင်းများထံတွင် ခဲတံငှားလိုသောအခါ အချင်းချင်း အပြန်အလှန် ရိုသေလေးစားမှုကို ဖော်ပြသည့် အသုံးအနှုန်းကို အသုံးပြု၍ ခဲတံငှားသည့် အခြေအနေ တစ်ခုကို သရုပ်ဆောင်ပြပါ။

နမူနာ

ဖိုးကဲသည် သင်္ချာ(၂) ပုစ္ဆာတွက်ရင်း စက်ဝိုင်းပုံဆွဲနေရာမှ ကွန်ပါတွင်တပ်ထားသော ခဲတံကျိုးသွားသဖြင့် ခဲတံငှားလိုသောအခါ ဘေးက သူငယ်ချင်းများထံတွင် အကူအညီတောင်းလေသည်။

ဖိုးကဲ ။ ။ စက်ဝိုင်းပုံတစ်ပုံနဲ့ပုစ္ဆာတစ်ပုဒ်တော့ပြီးသွားပြီ။ နောက်ထပ်တွက်စရာ ၃ ပုဒ်ကျန်သေးပါလား။

(ဖိုးကဲသည် ဒုတိယမြောက်ပုစ္ဆာတွက်ရန် ကွန်ပါသုံး၍ စက်ဝိုင်းဆွဲနေစဉ် ရုတ်တရက် ခဲတံကျိုးသွားပါသည်။)

ဖိုးကဲ ။ ။ ဟာ ခဲတံကကျိုးသွားပြီ။ သွားပါပြီ။ ခါတိုင်းဆို ခဲတံက အပိုပါတယ်။ ဒီနေ့မှ ခဲတံအပို မလိုလောက်ဘူးထင်ပြီး မယူလာတော့မှ ကျိုးသွားပြီ။ ပုံဆက်ဆွဲလို့မရတော့ဘူး။ ဘေးနားက သူငယ်ချင်းတွေဆီမှာ အကူအညီတောင်းကြည့်ရမယ်။ သဲသဲရေ ငါပုံဆွဲရင်းကွန်ပါက ခဲတံကျိုးသွားလို့ နင့်ဆီမှာခဲတံအပိုပါရင် ခဏငှားပါလား။ ဒါမှမဟုတ် ကွန်ပါလေး ခဏငှားပါလား။

(သဲသဲက ခဲတံအပိုမပါကြောင်းနှင့် ထောက်ချွန်ပါသော်လည်း မငှားနိုင်သေးကြောင်း ချိုသာစွာ ပြန်ပြောခဲ့ပါသည်။)

သဲသဲ ။ ။ ငါ့မှာခဲတံတော့အပိုမပါလာဘူး။ ကွန်ပါတော့ပါတယ်။ ငါပုံဆွဲတာမပြီးသေးလို့ မငှားနိုင်သေးဘူးနော်။

(သဲသဲငြင်းနေသည်ကို ကြားသောအခါ သူငယ်ချင်းအချင်းချင်း ကူညီတတ်သော ကိုတိုးက သူ့ကွန်ပါငှားမည်ဟု ဖိုးကဲကို ချိုသာစွာပြန်ပြောခဲ့ပါသည်။)

ကိုတိုး ။ ။ ငါ့မှာခဲတံအပို မပါပေမဲ့ ကွန်ပါပါတယ်။ ငါပုံဆွဲလို့တော့ မပြီးသေးဘူး။ ဒါပေမဲ့မင်းပုံဆွဲတာ ငါ့ထက်ပိုမြန်တယ်။မင်းအရင်ယူပြီးပုံဆွဲလိုက်နော်။

ဖိုးကဲ ။ ။ ရပါတယ်ကွာ။ မင်းအရင်ဆွဲလိုက်ပါ။ ငါပုစ္ဆာအရင်ကူးထားလိုက်မယ်။

ကိုတိုး ။ ။ ရော့ပါကွာ။ မင်းအရင်ပုံဆွဲလိုက်ပါ။

DBE Box

ဖိုးကဲ ။ ။ အေးပါ ဒါဆိုလဲ ပြီးရော ငါအရင်ဆွဲလိုက်မယ်။
(ဖိုးကဲ ပုံဆွဲပြီးသောအခါ ကိုတိုးက ကွန်ပါငှားသဖြင့် ကျေးဇူးတင်ကြောင်း ပြောခဲ့ပါသည်။)
ဖိုးကဲ ။ ။ ကျေးဇူးပါ သူငယ်ချင်းရာ ငါ့ကိုမင်းမကူညီရင် ငါ ပုစ္ဆာတွေတွက်လို့ပြီးမှာ မဟုတ်ဘူး။
ကိုတိုး ။ ။ အေးပါ ရပါတယ်။ အချင်းချင်းပဲကူညီရမှာပေါ့။

**ဖြစ်ရပ် (၂)**

**အတန်းဖော်သူငယ်ချင်း သို့မဟုတ် ကျောင်းသားများအချင်းချင်းအပြန်အလှန် ရိုသေလေးစားမှု**

✓ ကျောင်းသားအချင်းချင်း ရုတ်တရက် ဝင်တိုက်မိသောအခါ အချင်းချင်းအပြန်အလှန် ရိုသေလေးစားမှုကို ဖော်ပြသည့်အသုံးအနှုန်းကို အသုံးပြု၍ တောင်းပန်သည့် အခြေအနေ တစ်ခုကို သရုပ်ဆောင်ပြပါ။

- ကျောင်းသားတစ်ဦးနှင့်တစ်ဦး ရိုသေလေးစားမှုဖြင့် တောင်းပန်သော အပြောအဆိုနှင့် အမူအရာများကို အသုံးပြုရန်။

**ဖြစ်ရပ် (၃)**

**ဆရာ၊ ဆရာမများနှင့် အပြန်အလှန်ရိုသေလေးစားမှု**

✓ ကျောင်းတွင် အာဇာနည်နေ့ အထိမ်းအမှတ်အကြို ပြိုင်ပွဲများပြုလုပ်ရန် အဖွဲ့များဖွဲ့စည်းရာတွင် ဆရာများနှင့် ကျောင်းသားများက ယဉ်ကျေးစွာ ပါဝင်ဆွေးနွေးသည့် အခြေအနေ တစ်ခုကို သရုပ်ဆောင်ပြပါ။

- ပြိုင်ပွဲများပြုလုပ်ရန် ဆရာများနှင့်အတူ ကျောင်းသားများကိုယ်တိုင် တက်ကြွစွာပါဝင် ဆွေးနွေးပြီး ယဉ်ကျေးသည့်အပြောအဆိုနှင့် အမူအရာများကို အသုံးပြုရန်။

✓ ဆရာက မိမိကိုအိမ်စာအဖြစ် ပေးလိုက်သည့် သင်္ချာပုစ္ဆာများ မတွက်လာသည်ကို အကျိုးအကြောင်း ဆီလျော်စွာဖြင့် ဆရာကိုရှင်းပြသည့် အခြေအနေတစ်ခုကို သရုပ်ဆောင်ပြပါ။

- အိမ်စာမလုပ်လာရသည့် အကြောင်းအရင်းကို သေချာရှင်းပြသည့် အသုံးအနှုန်းနှင့် ဆရာကို ရိုသေလေးစားသောအမူအရာ အသုံးပြုရန်။

DBE Box

**ဖြစ်ရပ် (၄)**

**ကျောင်းရှိဝန်ထမ်းများနှင့် အပြန်အလှန် ရိုသေလေးစားမှု**

✓ မိမိနှင့်မိမိသူငယ်ချင်း ကျောင်း၏လျှောက်လမ်းတွင် လမ်းလျှောက်လာစဉ် သူငယ်ချင်းက အမှိုက်ကို လမ်းတွင်ပစ်ချသောအခါ အမှိုက်ကို အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်သင့်ကြောင်း ပြောသောအခြေအနေတစ်ခုကို သရုပ်ဆောင်ပြပါ။

- အမှိုက်ကို အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ခြင်းသည် ကျောင်း၏သန့်ရှင်းရေးကို ကူညီခြင်း ဖြစ်ကြောင်း သူငယ်ချင်းကို ရှင်းပြသည့် အပြောအဆိုနှင့် အမူအရာကိုအသုံးပြုရန်။

✓ ကျောင်းရှိစာရေးဦးလေးကြီးက စာအုပ်ထုပ်များ သယ်လာသည်ကို မြင်သောအခါ မိမိက ဝိုင်းကူသယ်ပေးရန် ပြောဆိုသည့် အခြေအနေတစ်ခုကို သရုပ်ဆောင်ပြပါ။

- စာရေးဦးလေးကြီးက စာအုပ်ထုပ်များ သယ်လာသည်ကိုမြင်သောအခါ မိမိကကူသယ်ပေးမည်ကို ရိုသေလေးစားသောအမူအရာဖြင့်ပြောသော အသုံးအနှုန်းနှင့် ကူညီပေးသည့် အမူအရာကို အသုံးပြုရန်။

**ဖြစ်ရပ် (၅)**

**ကျောင်းနှင့် ဆက်နွှယ်နေသူများနှင့် အပြန်အလှန်ရိုသေလေးစားမှု**

✓ ကျောင်းတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပနေချိန်တွင် မိမိသူငယ်ချင်းက လိုက်နာမှတ်သားခြင်းမရှိဘဲ အခြားသူငယ်ချင်းနှင့် စကားပြောနေသည့် အပြုအမူကို မလုပ်သင့်ကြောင်း ပြောပြသည့် အခြေအနေတစ်ခုကို သရုပ်ဆောင်ပြပါ။

- ဟောပြောပွဲပြုလုပ်နေစဉ် နားမထောင်ဘဲစကားပြောနေပါက အခြားသူများအတွက် အနှောင့် အယှက်ဖြစ်စေကြောင်း သူငယ်ချင်းကို ရှင်းပြပြီး ဂရုတစိုက်နားထောင်သင့်ကြောင်း ပြောသည့် အသုံးအနှုန်းနှင့် အမူအရာကို အသုံးပြုရန်။

**အဓိကအချက်များ**

- ကျောင်းတွင် အတန်းဖော်သူငယ်ချင်းများ သို့မဟုတ် ကျောင်းသားများ အချင်းချင်း၊ ဆရာများ၊ ကျောင်းရှိဝန်ထမ်းများ၊ ကျောင်းနှင့် ဆက်နွှယ်နေသူများနှင့်လည်း အပြန်အလှန် ရိုသေလေးစားမှုဖြင့် ဆက်ဆံရမည်။
- ရိုသေလေးစားခြင်းဆိုသည်မှာ လူတစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင် မတူကွဲပြားမှုကို လက်ခံပြီး သူတစ်ပါးအပေါ် အလေးထားခြင်း၊ ဦးစားပေးခြင်း၊ မိမိကိုယ်ကို နှိမ့်ချစွာ ဆက်ဆံခြင်းပင် ဖြစ်သည်။

DBE Box

အောက်ပါဇယားကို အသုံးပြု၍ ပေးထားသော အခြေအနေတစ်ခုစီအတွက် သရုပ်ဆောင်ထားပုံများကို အကဲဖြတ်ပါ။(ကောင်း၊ သင့်၊ ညံ့၊ ရေတွက်ခြင်းဖြင့်အမှတ်ပေးရန်။)

| အကဲဖြတ်စံ | ကောင်းမွန်သည်။ | သင့်တင့်သည်။ | ကြိုးစားရန် လိုအပ်သည်။ |
|---|---|---|---|
| ပေးထားသည့်အခြေအနေတစ်ခုစီအတွက် မှန်ကန်စွာသရုပ်ဆောင်နိုင်မှု | | | |
| ပေးထားသည့် အခြေအနေတစ်ခုစီအတွက် မှန်ကန်သော စကားအသုံးအနှုန်းနှင့် အမူအရာ အသုံးပြုနိုင်မှု | | | |
| အဖွဲ့ဝင် အချင်းချင်း ညီညွတ်စွာပူးပေါင်းဆောင်ရွက်မှု | | | |
| အဖွဲ့ဝင် အချင်းချင်း အပြန်အလှန်နားလည်မှုဖြင့် သရုပ်ဆောင်နိုင်မှု | | | |

## သင်ခန်းစာ (၁.၃) ဖြောင့်မတ်တည်ကြည် နေထိုင်မည်

ဖြောင့်မတ်တည်ကြည်မှုသည် လူတို့လိုက်နာကျင့်သုံးရမည့် အကျင့်စရိုက်ကောင်းတစ်ခုပင်ဖြစ်သည်။ အကျင့်စရိုက်ဆိုသည်မှာ ကိုယ်၊ နှုတ်၊ စိတ်တို့တွင် သက်ဆိုင်ရာအပြုအမူ တစ်စုံတစ်ရာသည် ကြိုတင်စဉ်းစားရန်မလိုဘဲ အကြိမ်အရေအတွက်များစွာ ဖြစ်နေသော အမူအကျင့်ကို ဆိုလိုခြင်းဖြစ်သည်။ လူတစ်ဦး၏မြတ်နိုးဖွယ် အကောင်းဆုံးအရည်အသွေးတစ်ခုမှာ အကျင့်စရိုက်ကောင်းရှိခြင်းပင်ဖြစ်သည်။ အကျင့်စရိုက်ကောင်းများသည် လူတစ်ဦး၏ဘဝကို ဖွံ့ဖြိုးတိုးတက်စေသည့် အရာများပင်ဖြစ်သည်။

DBE Box

**အောက်ပါတို့ကိုအုပ်စုလိုက် ဆွေးနွေးပါ။**

(က) ဖြောင့်မတ်တည်ကြည်မှုကို သင်မည်သို့နားလည်ပါသနည်း။

(ခ) ဖြောင့်မတ်တည်ကြည်မှုကို မည်သို့လက်တွေ့ကျင့်သုံးမည်နည်း။

### ဖြစ်ရပ်လေ့လာခြင်း

**ဖြစ်ရပ်(၁)**

မောင်မောင်တို့အတန်းတွင် ဆရာမက စာစီစာကုံးရေးနည်း သင်ကြားပေးပြီး အိမ်စာအဖြစ် စာစီစာကုံးတစ်ပုဒ် ရေးသားစေသည်။ မိမိကိုယ်တိုင် စဉ်းစားရေးသားရန် မှာလိုက်သည်။ သို့သော် မောင်မောင်သည် စာစီစာကုံးကို ကိုယ်တိုင်ရေးသားရန် မိမိကိုယ်ကို ယုံကြည်မှုမရှိချေ။ ထို့ကြောင့် အိမ်သို့ပြန်ရောက်သောအခါ

စာစီစာကုံးစာအုပ်များရှိ စာပိုဒ်များကို အနည်းငယ်စီကူးယူရေးသားလိုက်သည်။ နောက်တစ်နေ့ စာသင်ချိန်တွင် ဆရာမက စာစီစာကုံးများကို စစ်ဆေးပေးပြီး "သားတို့သမီးတို့ ကြိုးစားပြီး ရေးသားလာခဲ့တာ ဆရာမ ကျေနပ်မိတယ်။ နောင်လဲ ဒီလိုပဲကြိုးစား ရေးသားရမယ်နော်။ စာစီစာကုံးဆိုတာသားတို့သမီးတို့ရဲ့ပင်ကိုဉာဏ်နဲ့ ဖန်တီးရေးသားရမှာ ဖြစ်တယ်။ ထူးထူးခြားခြား စာတွေအများကြီးနဲ့ အရေးအဖွဲ့ ပိုကောင်းတဲ့ စာစီစာကုံးတစ်ပုဒ် တွေ့မိတယ်။ အဲ့ဒီစာစီစာကုံးကတော့ မောင်မောင်ရဲ့စာစီစာကုံးပဲဖြစ်တယ်။ မောင်မောင့်စာစီစာကုံးက များလဲများတယ်၊ ကောင်းလဲကောင်းတယ်။ ဒါပေမဲ့ကိုယ်တိုင်ဖန်တီးရေးသားတာဟုတ်ရဲ့လားကွယ်" ဟုပြောသည်။ ထိုစဉ်တစ်တန်းလုံးက မောင်မောင့်ကို လှည့်ကြည့်သဖြင့် မောင်မောင် စိတ်မလုံမလဲ ဖြစ်သွားသည်။

**အောက်ပါမေးခွန်းများကိုဆွေးနွေးဖြေဆိုပါ။**

(က) မောင်မောင်၏လုပ်ရပ်သည် ဖြောင့်မတ်တည်ကြည်သူတစ်ဦး၏လုပ်ရပ်ဟုထင်ပါသလား။ အဘယ်ကြောင့်နည်း။

(ခ) သင်သာမောင်မောင်ဆိုလျှင်မည်သို့ဆောင်ရွက်မည်နည်း။

(ဂ) ဖြောင့်မတ်တည်ကြည်သူတစ်ဦးဖြစ်ရန် မည်သို့ ပြုမူနေထိုင်သင့်သနည်း။

DBE Box

**ဖြစ်ရပ် (၂)**

အောင်အောင်တို့ကျောင်းတွင်ကျောင်းစာကြည့်တိုက်တာဝန်ကိုကျောင်းကောင်စီအသင်းအလိုက် တာဝန်ယူဆောင်ရွက်ရသည်။ နံနက်ကျောင်းမတက်မီ တစ်နာရီနှင့် နေ့လယ်မုန့်စားကျောင်းဆင်းချိန်တွင် ကျောင်းစာကြည့်တိုက်၌ စာအုပ်များ ဖတ်ရှုနိုင်ပါသည်။ ကျောင်းစာကြည့်တိုက်လုပ်ငန်း တာဝန်ကျကျောင်းသူ ကျောင်းသားများသည် စာကြည့်တိုက်ရှိစာအုပ်များကိုဖတ်ရှုနိုင်ရန်နှင့် အိမ်သို့ ငှားရမ်းနိုင်ရန် ထုတ်ပေးခြင်း၊ ပြန်လည်လက်ခံခြင်း၊ နေရာတွင်ပြန်လည်ထားရှိခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးရသည်။ အောင်အောင်တို့ သူငယ်ချင်းတစ်စု တာဝန်ယူရသည့်နေ့ စာအုပ်စာရင်းစစ်ချိန်တွင် စာအုပ်တစ်အုပ်ပျောက်နေသည်။ အောင်အောင်တို့ ဘာလုပ်ရမှန်း မသိဖြစ်နေသည်။ ကျောင်းသားတစ်ဦးက "ကျောင်းအုပ်ဆရာကြီး သိရင် အဆူခံရမယ် ထင်တယ်။ ဒီအတိုင်း မသိချင်ယောင်ဆောင်ပြီး ထားခဲ့လိုက်မယ်လေ"ဟု ပြောသည်။ အောင်အောင်က "ဒီလိုလုပ်လို့တော့ ဘယ်ဖြစ်မလဲ၊ ဆရာကြီး ဆူခါမှ ဆူရောပြောပြရမယ်၊ တို့တွေတာဝန်ယူထားတဲ့ကိစ္စဖြစ်တော့ တို့တွေမှာ တာဝန်ရှိတယ်"ဟုဆိုကာ ကျောင်းအုပ်ဆရာကြီးကို အကျိုးအကြောင်း ပြောပြသည်။ ဆရာကြီးက

အတန်းပိုင်ဆရာများမှ တစ်ဆင့် ယနေ့စာအုပ်ငှားသွားသော ကျောင်းသားများကို မေးမြန်း စုံစမ်းရာ ထိုစာအုပ်သည် ပျောက်သွားခြင်းမဟုတ်ဘဲ စာအုပ် အငှားစာရင်း မသွင်းမိခြင်းသာဖြစ်ကြောင်း သိရှိရလေသည်။ ကျောင်းအုပ်ကြီးက စာကြည့်တိုက် တာဝန်ကျကျောင်းသားများကို နောင်တွင်သတိထားရန်နှင့် မိမိတာဝန်ကို ကျေပွန်စွာဆောင်ရွက်ရန် ဆုံးမလိုက်သည်။

**အောက်ပါမေးခွန်းများကိုဆွေးနွေးဖြေဆိုပါ။**

(က) မိမိတာဝန်ယူဆောင်ရွက်ရသော ကိစ္စတစ်ခုတွင် အမှားအယွင်းတစ်ခု ဖြစ်ပါက သင်မည်သို့ဆောင်ရွက်မည်နည်း။

(ခ) အလုပ်တစ်ခုကို ဆောင်ရွက်ရာတွင် အဘယ်ကြောင့် ဖြောင့်မတ်တည်ကြည်စွာ ဆောင်ရွက်ရန် လိုအပ်ပါသနည်း။

(ဂ) သင့်ကိုယ်သင် ဖြောင့်မတ်တည်ကြည်သူတစ်ဦးဟု ယူဆပါသလား။ အဘယ်ကြောင့်နည်း။

**ဖြောင့်မတ်တည်ကြည်သူတစ်ဦးတွင် မည်သို့သောအရည်အသွေးများရှိပါသနည်း။ အုပ်စုလိုက် ဆွေးနွေးဖော်ထုတ်ပါ။**

ဖြောင့်မတ်တည်ကြည်သူတစ်ဦး၏ အရည်အသွေးများ

-မှန်ကန်၊အကျိုးရှိ၊နှစ်လိုဖွယ်ကောင်းသောစကားကိုသာ ပြောဆိုခြင်း။

**ဖြောင့်မတ်တည်ကြည်မှုနှင့်ပတ်သက်သည့်အောက်ပါအကြောင်းအရာများကိုလေ့လာပါ။**

"မမွှေမနှောက်၊ မကောက်မကျစ်၊ မလိမ်လစ်ဘဲ၊ မစဉ်းလဲနှင့်၊
စိတ်ထဲဖြောင့်စေ၊ သူ့ကျင့်ကိုလည်းသိတတ်စေ။"

"ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊
ဖြူသောနှလုံး၊ သူတော်ထုံးကို၊ စွဲသုံးသောထွေ မှန်လှစေ။"

(ရှင်မဟာရဋ္ဌသာရဆုံးမခန်း ကောက်နုတ်ချက်)

## တာဝန်ထမ်းရာ ဖြောင့်မတ်ပါ

**အောက်ပါဇယားကိုအသုံးပြု၍ သင့်အတန်းတွင်းရှိ အများပိုင်ပစ္စည်းအသုံးပြုမှု အခြေအနေကို လေ့လာသုံးသပ်၍ အတန်းသို့ တင်ပြပါ။**

အသင်းအမည် . . . . . . . . . . . . . . .

အဖွဲ့ဝင်အမည်များ

၁။. . . . . . . . . . . . . . . . . . . . . .

၂။. . . . . . . . . . . . . . . . . . . . . .

၃။. . . . . . . . . . . . . . . . . . . . . .

၄။. . . . . . . . . . . . . . . . . . . . . .

၁။ ယခုလက်ရှိစာသင်ခန်းအတွင်းရှိ အများပိုင်ပစ္စည်းများကို ဖော်ထုတ်ပေးပါ။ ယင်းတို့အနက် ကျောင်းသူကျောင်းသားများ စောင့်ရှောက်ပေးနိုင်သော အများပိုင်ပစ္စည်းများကိုဖော်ပြပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

၂။ ထိုပစ္စည်းများကိုအသုံးပြုနည်း မှန်ကန်စေရန်နှင့်ထိန်းသိမ်းရန် ပြုလုပ်ရမည့် အဓိကအချက်များကို ဖော်ပြပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

၃။ ကျောင်းသူကျောင်းသားများသည် တာဝန်ထမ်းဆောင်ရာတွင် အခက်အခဲနှင့်ကြုံတွေ့ရသည့်အခါ မည်သို့ ကျော်လွှားမည်နည်း။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

DBE Box

ဖြောင့်မတ်တည်ကြည်မှုနှင့် ပတ်သက်သော ပုံပြင်တစ်ပုဒ်ကို စုပေါင်းဖန်တီးပါ။

**အဓိကအချက်များ**

- ဖြောင့်မတ်တည်ကြည်မှုသည် ရိုးသားခြင်း၊ တည့်မတ်ခြင်း၊ ဖြောင့်မှန်ခြင်းစသည့် လူတစ်ဦး လိုက်နာကျင့်သုံးသင့်သော အကျင့်စရိုက်ကောင်းများပင်ဖြစ်သည်။
- စိတ်ဓာတ်ဖြောင့်မတ် တည်ငြိမ်စွာ ပြုမူ၊ ပြောဆို၊ ကျင့်ကြံနေထိုင်ကြခြင်းဖြင့် ဖြောင့်မတ်တည်ကြည်သူတစ်ဦး ဖြစ်လာပေမည်။
- ကျောင်းတွင် ကျောင်းသားအချင်းချင်းဖြစ်စေ၊ ဆရာများ၊ ဝန်ထမ်းများ၊ ကျောင်းနှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်ဖြစ်စေ ဖြောင့်မတ်တည်ကြည်စွာ ဆက်ဆံရမည်။

**အောက်ပါမေးခွန်းများကိုရေးသားဖြေဆိုပါ။**

(က) ဖြောင့်မတ်တည်ကြည်မှုဆိုသည်မှာအဘယ်နည်း။

(ခ) ဖြောင့်မတ်တည်ကြည်သူတစ်ဦးတွင် တွေ့ရလေ့ရှိသော အရည်အသွေးများကိုဖော်ပြပါ။

(ဂ) ဖြောင့်မတ်တည်ကြည်စွာနေထိုင်ခြင်းဖြင့်မည်သည့်အကျိုးကျေးဇူးများရရှိနိုင်သနည်း။

(ဃ) သင်သိသော ဖြောင့်မတ်တည်ကြည်သူတစ်ဦးအကြောင်းကိုဖော်ပြပါ။

## သင်ခန်းစာ (၁.၄) စာနာစိတ်ထား တို့ကျောင်းသား

ကျောင်းသားတိုင်းသည် ငယ်စဉ်ကလေးဘဝမှစပြီး ကရုဏာထား၍ချစ်ခင်စာနာတတ်သူများဖြစ်လာစေရန် ကြိုးစားနေထိုင်သင့်သည်။ ကျောင်းတွင် ကျောင်းသားအချင်းချင်း၊ ကျောင်းသားများနှင့် ဆရာဆရာမများ၊ ကျောင်းဝန်ထမ်းများ၊ ကျောင်းနှင့်ဆက်နွှယ်နေသူများနှင့်လည်း ချစ်ခင်ကြင်နာရမည်ဖြစ်သည်။ ကရုဏာထား၍ ချစ်ခင်စာနာတတ်သူတို့၏ ပြုမူပြောဆိုနေထိုင်ပုံများကို အတုယူကာ နေ့စဉ်လူမှုဘဝတွင် လက်တွေ့ကျင့်သုံးနေထိုင်ရမည်။

### အဓိပ္ပာယ်ဖွင့်ဆိုချက်

**ကရုဏာထားချစ်ခင်မှု**

ကရုဏာထားချစ်ခင်မှုဆိုသည်မှာ တစ်စုံတစ်ယောက်၏ ခံစားချက်နှင့်အခက်အခဲကို စာနာနားလည်ပြီး ကူညီရိုင်းပင်းလိုမှုပင် ဖြစ်သည်။

**အောက်ပါတို့ကို စဉ်းစားဆွေးနွေးပါ။**

- ချစ်ခင်ကြင်နာတတ်သော၊ ရိုင်းပင်းကူညီတတ်သောသူများကို တွေ့ဖူးပါသလား။
- တွေ့ဖူးလျှင် သူတို့သည် အဘယ်ကြောင့် စာနာစိတ်ထား၍ ရိုင်းပင်းကူညီသည်ဟု ယူဆပါသနည်း။ မည်သို့ပြုမူဆောင်ရွက်ပါသနည်း။
- မိမိတည်ရှိနေထိုင်ရာ အသိုင်းအဝိုင်းတွင် တစ်စုံတစ်ယောက်အတွက် ကရုဏာထား ချစ်ခင်မှုကို ပြသဖူးပါသလား။

**ဖြစ်ရပ်လေ့လာခြင်း**

ကျောင်းအပြေးပြိုင်ပွဲတွင် သတ္တမတန်းကျောင်းသားများ ဖြစ်ကြသော တေဇာနှင့် သူရတို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းပေးထားကြသည်။ တေဇာက စာအတော်ဆုံးကျောင်းသားဖြစ်ပြီး သူရမှာ အားကစားအထူးချွန်ဆုံးကျောင်းသား ဖြစ်သည်။ သူတို့နှစ်ဦးစလုံး အပြေးသန်ကြသူများဖြစ်သဖြင့် မည်သူပထမရမည်ဟု မခန့်မှန်းနိုင်ကြပေ။ ဤသို့ဖြင့် ပြိုင်ပွဲနေ့သို့ ရောက်ရှိလာသည်။ ကာယဆရာ ဦးအေးမင်းက

DBE Box

အချက်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ကျောင်းသားများ စတင်ပြေးကြသည်။ ပြိုင်ပွဲဝင်သူအားလုံးကို ဦးဆောင်နေသူများမှာ တေဇာနှင့် သူရသာ ဖြစ်သည်။ ပန်းဝင်ခါနီးတွင် တေဇာခြေခေါက်ပြီး တလိမ့်ခေါက်ကွေး လဲကျသွားသည်။ သူရသည် ပြိုင်ဘက်မရှိ၍ တစ်ဦးတည်း ပန်းဝင်ဖို့ အခွင့်အရေးရသော်လည်း ဆက်မပြေးဘဲ တေဇာကို ဆွဲပွေ့လိုက်သည်။ ထို့နောက် သူရသည် ဒဏ်ရာရသွားသော တေဇာကို အခြားသူငယ်ချင်းများနှင့် အတူသယ်၍ ဆေးခန်းပို့ရန် ပြင်ဆင်ကြသည်။ ကျန်သူများက ဆက်လက်ယှဉ်ပြိုင်ကြသည်။

**အောက်ပါတို့ကို ဆွေးနွေးပါ။**

(က) သူရ၏ လုပ်ရပ်သည် ကရုဏာထားချစ်ခင်မှုကို ဖော်ပြရာရောက်ပါသလား။ အဘယ်ကြောင့်နည်း။

(ခ) သင်သာ သူရဆိုလျှင် မည်သို့ပြုမူဆောင်ရွက်မည်နည်း။

DBE Box

အောက်ပါဇယားတွင် ဖော်ပြထားသော ကရုဏာထားချစ်ခင်တတ်သူ၏ အရည်အသွေးများကို လေ့လာပါ။ သင်၏ နေ့စဉ်ဘဝတွင် ထိုအရည်အသွေးရှိသူကို တွေ့ဖူးပါသလား။ ပြောပြပါ။ လိုအပ်သည်များကို ထပ်ဖြည့်ပါ။

| ကရုဏာထားချစ်ခင်တတ်သူ၏ အရည်အသွေးများ |
| --- |
| ချစ်ခင်ကြင်နာမှုရှိခြင်း |
| စာနာနားလည်ခြင်း |
| ရိုင်းပင်းကူညီတတ်ခြင်း |
| တစ်ပါးသူ၏ စိတ်ခံစားချက်ကို နားလည်ခြင်း |
| ----------------------- <br> ----------------------- |

**အုပ်စုဖွဲ့ဆွေးနွေးခြင်း**

**အောက်ပါတို့ကို ဆွေးနွေးပါ။**

(က) ကရုဏာထားချစ်ခင်မှု၊ စာနာနားလည်မှုသည် ခံစားချက်လား။ လုပ်ကိုင်ဆောင်ရွက်မှုလား။ အဘယ်ကြောင့်နည်း။

(ခ) ဒုက္ခရောက်နေသူ၊ အခက်အခဲဖြစ်နေသူကိုမြင်ပြီး ကူညီရန် ဆန္ဒရှိသော်လည်း ကူညီခြင်း မရှိသောသူသည် ရိုင်းပင်းကူညီတတ်သူ၊ စာနာနားလည်သူဖြစ်ပါသလား။ အဘယ်ကြောင့်နည်း။

(ဂ) ကျောင်းတွင် တစ်စုံတစ်ယောက်က အခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့နေရလျှင် သင်မည်သို့ လုပ်ဆောင်မည်နည်း။

အောက်ပါဖြစ်ရပ်များကို လေ့လာ၍ မည်ကဲ့သို့ ဆက်လက် ပြုမူဆောင်ရွက်ရမည်ကို အုပ်စုလိုက်ဆွေးနွေး တင်ပြပါ။

**ဖြစ်ရပ် (၁)**

ကျောင်းကစားကွင်းတွင် သတ္တမတန်း ကျောင်းသားများ ဘောလုံးကန်နေကြသည်။ သူတို့ ကန်လိုက်သော ဘောလုံးသည် ဆော့ကစားနေသော မူလတန်း အရွယ် ကျောင်းသားတစ်ယောက်၏ ခြေထောက်ကို ထိမှန်သွားသည်။ ထိုကျောင်းသားလေးသည် ဘောလုံးထိမှန်သည့်အတွက် ခြေထောက် တော်တော် နာသွားသည်။ ထို့ကြောင့် လမ်းကောင်းကောင်း မလျှောက်နိုင်တော့ပေ။ ထိုအချိန်တွင် သင်သည် ထိုနေရာသို့ လမ်းလျှောက်ရင်း ရောက်လာပါသည်။ --------------------------
--------------------------------------------------------------------------
--------------------------------------------------------------------------
--------။

**ဖြစ်ရပ် (၂)**

သွယ်သွယ်သည် ကျောင်းတက်ရက်တိုင်း ကျောင်းမုန့်ဈေးတန်းသို့သွားကာ မုန့်စားလေ့ရှိသည်။ တစ်နေ့ မုန့်စားဆင်းချိန်တွင် သွယ်သွယ်သည် သစ်သီးဈေးသည်ဆီက ဖရဲသီးဝယ်စားနေသည်။ သွယ်သွယ် ဖရဲသီးဝယ်စားနေစဉ် သစ်သီးဈေးသည် သဘော်သီး လှီးရင်း လက်ကို ဓားထိသွားသည်။ ထိုအချိန်တွင် သင်သည် သစ်သီးဈေးသည် နားသို့ရောက်သွားသည်။ -------------------------------------------
--------------------------------------------------------------------------
-------------------------------------------------------------။

DBE Box

**ဖြစ်ရပ် (၃)**

သင်တို့ သူငယ်ချင်းတစ်စုသည် ကျောင်းဂိတ်ဝနားတွင် ပြေးတမ်းလိုက်တမ်း ကစားနေကြသည်။ ထိုအချိန်တွင် ကျောင်းဂိတ်ဝသို့ ကျောင်းသားမိဘတစ်ဦးဖြစ်ဟန်ရှိသော လူကြီးတစ်ဦး ရောက်လာပြီး ကျောင်းအုပ်ကြီးနှင့် တွေ့လိုကြောင်း ပြောသည်။ ကျောင်းဝင်းသည် သူသွားနေကျ နေရာမဟုတ်သဖြင့် ကျောင်းအုပ်ကြီးရုံးခန်းသို့သွားရန် အခက်အခဲဖြစ်နေသည်။ ----------------------------------------

--------------------------------------------------------------------------------

------------------------------------------------------။

**ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင်တွင် သင်တွေ့ဖူးသော ကရုဏာထားချစ်ခင်တတ်သူတစ်ယောက်အကြောင်းကို ရေးသားပါ။**

**အဓိကအချက်များ**

- ကရုဏာထားချစ်ခင်မှုသည် တစ်စုံတစ်ယောက်၏ ခံစားချက်နှင့် အခက်အခဲကို စာနာနားလည်ပြီး ကူညီရိုင်းပင်းလိုမှုပင် ဖြစ်သည်။
- ကရုဏာထားချစ်ခင်မှု၊ စာနာထောက်ထားမှုသည် ခံစားချက်ဖြစ်ရုံသာမက လုပ်ကိုင်ဆောင်ရွက်မှုလည်းဖြစ်သည်။ ကရုဏာထား ချစ်ခင်တတ်သူတစ်ဦးသည် ကိုယ်ချင်းစာစိတ်ရှိသူ၊ စာနာစိတ်ရှိသူဖြစ်လာပေမည်။
- ကျောင်းတွင် အတန်းဖော်သူငယ်ချင်း သို့မဟုတ် ကျောင်းသား အချင်းချင်း ဖြစ်စေ၊ ဆရာဆရာမများ၊ ကျောင်းရှိဝန်ထမ်းများ၊ ကျောင်းနှင့် ဆက်နွယ်နေသူများနှင့် ဖြစ်စေ ဆက်ဆံရာတွင် အချင်းချင်း ကရုဏာထားချစ်ခင်မှုဖြင့် ဆက်ဆံရမည်။

DBE Box


**အောက်ပါမေးခွန်းများကို ရေးသားဖြေဆိုပါ။**

(၁) ကရုဏာထားချစ်ခင်တတ်သူတစ်ဦးတွင်ရှိသော အရည်အသွေးများအနက် သင့်အတွက် အရေးကြီးဆုံး ၃ ခုကို ဖော်ပြပါ။


(၂) ကရုဏာထားချစ်ခင်တတ်သူတစ်ဦး၏ အရည်အသွေးများအနက် သင့်တွင် မည်သည့် အရည်အချင်းများ ရှိပါသနည်း။

(၃) အတန်းဖော် သို့မဟုတ် ကျောင်းသူကျောင်းသားအချင်းချင်း ကရုဏာထားချစ်ခင်မှုနှင့် ဆက်ဆံခြင်းဖြင့် မည်သည့် အကျိုးကျေးဇူးများ ရရှိပါသနည်း။

**အခန်း (၁) တွင် သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။**




DBE Box




## အခန်း(၂)
## အခွင့်အရေးနှင့်တာဝန်

နိုင်ငံသားတိုင်းသည် မိမိတို့၏အခွင့်အရေးများကို သိရှိနားလည် ရယူခံစားပြီး တာဝန်များကိုလည်း ကျေပွန်စွာထမ်းဆောင်ရမည်။ နိုင်ငံသားတိုင်းသည် မိမိတို့၏ပညာသင်ယူခွင့်ဆိုင်ရာအခွင့်အရေးများကို သိရှိနားလည်ပြီး ပညာသင်ယူခွင့် ဆုံးရှုံးနေသော ကလေးများ၏ ပညာသင်ယူခွင့် ရရှိစေရေးကို ကူညီဆောင်ရွက်ပေးရမည်ဖြစ်သည်။ ကျောင်းသားတိုင်းသည် ပညာသင်ယူခွင့် အခွင့်အရေးကို ရရှိသည်နှင့်အမျှ ကျောင်း၏ လုပ်ငန်းတာဝန်များကိုလည်း ကျေပွန်စွာ ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ပြင် ကျောင်းသားကောင်းတစ်ယောက် ဖြစ်စေရန်ကြိုးစားရမည်။

DRE Box

**ဤအခန်းပြီးလျှင် ကျောင်းသားများသည် အောက်ပါတို့ကို လုပ်ဆောင်နိုင်မည် ဖြစ်သည်။**

- အပြည်ပြည်ဆိုင်ရာ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ပါ အခွင့်အရေးများကို လေ့လာပြီး အဆိုပါ အခွင့်အရေးများနှင့်အညီ မိမိကျောင်းတွင် ရရှိနေသော အခွင့်အရေးများကို ဖော်ပြတတ်မည်။
- တာဝန်ယူတတ်သည့် ကျောင်းသားကောင်း ဖြစ်လာနိုင်သော နည်းလမ်းများကို အကြံပြုတတ်မည်။
- အားကိုးအားထားပြုနိုင်သူ တစ်ယောက်၏ အရည်အသွေးများကို သိရှိနားလည်လာမည်။

## သင်ခန်းစာ(၂.၁) ကလေးသူငယ်များ၏ပညာသင်ယူခွင့်အခွင့်အရေးများ

ကျောင်းနေအရွယ် ကလေးသူငယ်တိုင်း ကျောင်းသို့ရောက်ရှိရမည်။ ကျောင်းသည် ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်ကောင်း ဖြစ်ရမည်။ သို့မှသာ အေးချမ်းစွာ ပညာသင်နိုင်မည် ဖြစ်သည်။

**အဓိပ္ပာယ်ဖွင့်ဆိုချက်**

**ကလေးသူငယ်**

ကလေးသူငယ်ဆိုသည်မှာ အသက်၁၈နှစ် မပြည့်သေးသောသူကို ဆိုသည်။(၂၀၁၉ခုနှစ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ)

**ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်တွင်ပါရှိသော ပညာသင်ကြားရေးဆိုင်ရာ အခွင့်အရေးများ**

**အပိုဒ် ၂၈။**

၁။ ပါဝင်ဖက် နိုင်ငံများသည် ကလေးသူငယ် ပညာသင်ကြားမှု အခွင့်အရေးကို အသိအမှတ်ပြုသည်။ ထို့ပြင် ဤအခွင့်အရေးကို တစ်ဆင့်ပြီးတစ်ဆင့် ဖြစ်မြောက်ရရှိစေရန် ရှေးရှုလျက် ညီမျှသော လုပ်ပိုင်ခွင့်များကို အခြေခံ၍ ၎င်းတို့အနေဖြင့် အထူးသဖြင့်-

(က) မူလတန်းပညာ သင်ကြားရေးကို မသင်မနေရဖြစ်ပြီး၊ လူတိုင်း လူတိုင်းအဖို့ အခမဲ့ ဖြစ်စေရန်။

(ခ) အထွေထွေနှင့် အသက်မွေးဝမ်းကျောင်းပညာရေး အပါအဝင် အလယ်တန်းပညာသင်ကြားမှု အမျိုးမျိုးကို တိုးတက်ဖွံ့ဖြိုးစေရန် အားပေးမြှင့်တင်ပြီး၊ ၎င်းတို့ကို ကလေးသူငယ်တိုင်းအဖို့ အကျိုးရှိစေ၍ ရရှိနိုင်ရန် လုပ်ဆောင်ခြင်း၊ ထို့ပြင် အခမဲ့ပညာသင်ကြားမှု စတင်စီမံခြင်းနှင့် လိုအပ်သည့်ကိစ္စတွင် ငွေကြေးကူညီပံ့ပိုးမှု ပေးကမ်းခြင်း အစရှိသည့် သင့်တော်သော စီမံမှုများပြုလုပ်ဆောင်ရွက်ရန်။

(ဂ) အဆင့်မြင့် ပညာသင်ကြားမှုကို အရည်အချင်းအပေါ် မူတည်၍ အားလုံးသော မည်သူမဆိုအဖို့ ရရှိနိုင်ရန် သင့်တော်သော နည်းစနစ်များဖြင့် အသုံးပြု၍ ဆောင်ရွက်ရန်။

(ဃ) ပညာရေးဆိုင်ရာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သတင်းများနှင့် လမ်းညွှန်မှုများကို ကလေးသူငယ်တိုင်းအတွက် အကျိုးရှိ၍ ရရှိနိုင်ရန် ဆောင်ရွက်ပေးရန်။

(င) ကျောင်းများတွင် ကျောင်းမှန်မှန်တက်ရန် အားပေးချီးမြှောက်၍ ကျောင်းထွက်နှုန်းများ လျော့နည်းစေရန် စီမံမှုများ ပြုလုပ်ဆောင်ရွက်ရန်။

DBEBox

# ကျောင်းသွားကြမယ်နီနီရယ်



မြမြ၊ခင်ခင်နှင့်နီနီတို့သည် အလွန်ချစ်ခင်ကြသည့် အတန်းဖော်သူငယ်ချင်း သုံးယောက်ဖြစ်ကြသည်။ငယ်ငယ်ကတည်းက တစ်ကျောင်းတည်း၊ တစ်တန်းတည်းနေလာကြသည့်အတွက် ရင်းရင်းနှီးနှီးရှိကြသည်။ ဆဌမတန်းအောင်မြင်သောအခါ သူတို့သူငယ်ချင်းသုံးယောက်သည် သတ္တမတန်းကို အတူတူတက်ကြသည်။

ကျောင်းတက်ရက်ကြာလာသည်နှင့်အမျှ ဆရာစာသင်ချိန်များတွင် နီနီသည် အိပ်ငိုက်လေ့ရှိပြီး တစ်ခါတစ်ရံငေးငိုင်နေတတ်သည်။ ဆရာစာမေးလျှင်လည်း မဖြေနိုင်သည်ကများသည်။ နီနီသည် မဖြေနိုင်သည့်အတွက် ကျောင်းတက်ရမှာရှက်လာပြီး ကျောင်းသို့မသွားတော့ပါ။ ထိုအခါ နီနီကို စိုးရိမ်စိတ်ဖြင့် မြမြနှင့်ခင်ခင်သည် နီနီ့အိမ်သို့လိုက်သွားကြသည်။

နီနီကိုမေးသည့်အခါ သူ့အဖေက နေမကောင်းဖြစ်ပြီး အိပ်ရာထဲကမထနိုင်၊ အမေကလည်း ဈေးထွက်ရောင်းနေရသည်။ အမေဈေးရောင်းရသောငွေဖြင့် အဖေ့ဆေးဖိုးသာမက၊ မိသားစု စားစရိတ်ပါ မလောက်င၍ ညဘက်တွင် စံပယ်ပန်း ရောင်းနေရကြောင်း၊ ညဘက် အိပ်ရေးပျက်သည့်အတွက် စာများလည်း မလေ့လာနိုင်ကြောင်း၊ အတန်းထဲတွင်လည်း အိပ်ငိုက်နေကြောင်း မကွယ်မဝှက် ပြောပြသည်။

မောင်လေးနှင့်ညီမလေးကလည်း ကျောင်းတက်နေကြသည့်အတွက် သူတို့ကိုဦးစားပေးသည့်အနေဖြင့် သူဒီနှစ် ကျောင်းမတက်နိုင်တော့ကြောင်း ပြောသည်။ သူငယ်ချင်းနှစ်ယောက် စိတ်မကောင်းစွာဖြင့် ပြန်လာပြီး နီနီကိုဘယ်လိုကူညီရမည်ကို တိုင်ပင်ကြသည်။ နောက်တစ်နေ့ မြမြနှင့်ခင်ခင်သည် နီနီ၏အခက်အခဲကို အတန်းပိုင်ဆရာမထံ အကျိုးအကြောင်း ပြောပြလိုက်သည့်အခါ--------

**အောက်ပါမေးခွန်းများကိုဆွေးနွေးပါ။**

(က) အတန်းပိုင်ဆရာမကမည်သို့ဆောင်ရွက်ပေးနိုင်မည်ဟု သင်ထင်ပါသနည်း။

(ခ) ကျောင်းအုပ်ကြီးအနေဖြင့် မည်သို့ကူညီဆောင်ရွက်ပေးနိုင်မည်ဟု ထင်ပါသနည်း။

(ဂ) ရပ်ရွာအဖွဲ့အစည်းများက မည်သို့ကူညီဆောင်ရွက်ပေးနိုင်မည်ဟု ထင်ပါသနည်း။

(ဃ) လူမှုရေးအသင်းအဖွဲ့များက မည်သို့ကူညီဆောင်ရွက်ပေးနိုင်မည်ဟု ထင်ပါသနည်း။

(င) နီနီပညာသင်ယူခွင့်ဆုံးရှုံးနိုင်သည်ဟု ထင်ပါသလား။အဘယ်ကြောင့်နည်း။

(စ) သင်သည်နီနီကိုမည်သို့ကူညီပေးနိုင်သနည်း။

**ဖြစ်ရပ်လေ့လာခြင်း**

**ဖြစ်ရပ်(၁)**

ရွာသာရွာတွင် နေထိုင်သော ယုယုသည် သတ္တမတန်းကျောင်းသူတစ်ဦး ဖြစ်ပါသည်။သူတို့ ရွာတွင် အလယ်တန်းကျောင်းမရှိသည့်အတွက် အခြားရွာသို့သွား၍ ကျောင်းတက်ရပါသည်။ တစ်ခုသော ညနေခင်းတွင် ကျောင်းမှ စက်ဘီးစီးပြီးပြန်လာရာ စက်ဘီးလဲ၍ ခြေထောက်ကျိုးသွားပါသည်။ မကြာခင် အချိန်တွင် စာမေးပွဲ ဖြေဆိုရမည် ဖြစ်ပါသည်။ ယုယုသည် ကျောင်းသွားရန် အခက်အခဲဖြစ်နေပါတော့သည်။

- သင်တို့သည်ယုယုကိုမည်သို့ကူညီပေးနိုင်သည်ဟုထင်ပါသနည်း။
- အတန်းပိုင်ဆရာက မည်သို့ကူညီပေးနိုင်သည်ဟုထင်ပါသနည်း။
- ကျောင်းအုပ်ဆရာမကြီးက မည်သို့ကူညီပေးနိုင်ပါသနည်း။
- ယုယုသည်စာမေးပွဲဖြေဆိုခွင့် ထိခိုက်နိုင်ပါသလား။အဘယ်ကြောင့်နည်း။

DBE Box


**ဖြစ်ရပ်(၂)**

ထန်းပင်ကုန်းကျေးရွာတွင် နေထိုင်သော ဇော်ဇော်တို့ မိသားစုသည် လယ်ယာလုပ်ငန်းကိုလုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။ ဇော်ဇော်သည် သတ္တမတန်းတွင် ပညာသင်ယူနေပါသည်။ သူသည် အင်ဂျင်နီယာကြီးတစ်ယောက် ဖြစ်ချင်ပါသည်။ သူ၏ ဖခင်မှာ နာတာရှည်ရောဂါသည် တစ်ဦးဖြစ်၍ သေဆုံးသွားပါသည်။ ဇော်ဇော်သည် သားအကြီးဆုံးဖြစ်၍ မိသားစုဝင်များက လယ်ယာလုပ်ငန်းတွင် ဦးစီးလုပ်ကိုင်စေလိုပါသည်။

- သင်တို့သည်ဇော်ဇော်ကိုမည်သို့ကူညီပေးနိုင်သနည်း။
- အတန်းပိုင်ဆရာမက မည်သို့ကူညီပေးနိုင်ပါသနည်း။
- ကျောင်းအုပ်ဆရာကြီးက မည်သို့ကူညီပေးနိုင်ပါသနည်း။
- ရပ်ရွာအဖွဲ့အစည်းများက မည်သို့ကူညီပေးနိုင်ပါသနည်း။
- ဇော်ဇော်သည်ပညာသင်ယူခွင့်ဆုံးရှုံးနိုင်ပါသလား။ အဘယ်ကြောင့်နည်း။

**အောက်ပါတို့ကို ဆွေးနွေးပါ။**

ကျောင်းသားများသည် ကျောင်းမှ ပညာသင်ယူခွင့်နှင့်ဆိုင်သော မည်သည့်အခွင့်အရေး များ ရရှိသနည်း။ အောက်ပါပုံတွင်ဖြည့်စွက်ပါ။




DBE Box

**ကျောင်းမှရရှိသော အခွင့်အရေးများ ရယူခံစားသည်နှင့်အညီ ထမ်းဆောင်သင့်သည့် တာဝန်များကို အောက်ပါဇယားတွင် ယှဉ်တွဲဖော်ပြပါ။**

| စဉ် | အခွင့်အရေး | တာဝန် |
|---|---|---|
| ၁။ | အေးချမ်းစွာပညာသင်ယူခွင့် | ကျောင်းသားအချင်းချင်း ချစ်ခင်စွာ နေထိုင်ရမည်။ |

- မိမိတို့ ပတ်ဝန်းကျင်တွင် ကျောင်းမနေနိုင်သောကလေးများရှိပါသလား။ အဘယ်ကြောင့် ကျောင်းမနေနိုင်ကြသနည်း။ ထိုသူတို့အတွက် ပညာသင်ယူခွင့် မဆုံးရှုံးစေရန် မည်သို့ကူညီပံ့ပိုးပေးနိုင်ပါသနည်း။
- ကျောင်းမနေနိုင်သောကလေးများ ကျောင်းရောက်ရှိရေးအတွက် ကူညီပံ့ပိုးပေးနိုင်မည့် နည်းလမ်းများကိုဆွေးနွေးဖော်ထုတ်ပါ။

**အဓိကအချက်များ**

- ❖ ကလေးသူငယ်တိုင်းသည် အခြေခံပညာအဆင့်များတွင် ပညာသင်ယူခွင့်ရှိသည်။
- ❖ ကျောင်းမနေနိုင်သော ကလေးများရှိနေပါက ထိုကလေးများအတွက်ကျောင်းနေနိုင်သော အခွင့်အရေးများကို ဖန်တီးပေးရမည်။

**အောက်ပါမေးခွန်းများကို ရေးသားဖြေဆိုပါ။**

(၁) ကလေးများအတွက် ပညာသင်ယူခွင့်ဆိုင်ရာ အခွင့်အရေးနှင့်ပတ်သက်၍ နိုင်ငံတကာသဘောတူစာချုပ်တွင် မည်သည့်အခွင့်အရေးများပါရှိပါသနည်း။

(၂) ကလေးတစ်ဦး ကျောင်းမနေနိုင်ခြင်းကြောင့် သူ၏ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုများ မည်သို့ထိခိုက်နိုင်ပါသနည်း။ အဘယ်ကြောင့်နည်း။

(၃) ကလေးများသည် ကျောင်းမှ မည်သည့်အခွင့်အရေးများ ရရှိပါသနည်း။ အခွင့်အရေးနှင့်ညီမျှသော တာဝန်ယူမှုကို ဖော်ပြပါ။

(၄) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်တွင်ပါရှိသော ပညာသင်ကြားရေးဆိုင်ရာ အခွင့်အရေးများနှင့် ကျောင်းမှရရှိသော အခွင့်အရေးများကို ဖော်ပြပါ။

## သင်ခန်းစာ (၂.၂) တာဝန်ကျေအောင် ကြိုးစားပါ

အတူတကွစုပေါင်းနေထိုင်ကြသော လူ့အဖွဲ့အစည်းတွင် လူတိုင်းကိုယ်စီတာဝန်ကိုသိပြီး တာဝန်ယူမှုရှိရန် များစွာလိုအပ်ပါသည်။ အိမ်တွင် မိသားစုဝင်တစ်ယောက်အဖြစ် တာဝန်ကိုကျေပွန်စွာထမ်းဆောင်ရမည် ဖြစ်သကဲ့သို့ ကျောင်းတွင်လည်း ကျောင်းသားတစ်ယောက်အဖြစ် တာဝန်ကျေပွန်စွာထမ်းဆောင်ရမည် ဖြစ်သည်။ သို့မှသာ မိမိတို့နေထိုင်ရာရပ်ရွာမှ တိုင်းပြည်အတွက် နိုင်ငံသားတစ်ဦးအဖြစ် တာဝန်အသီးသီးကို ကျေပွန်စွာထမ်းဆောင်တတ်လာမည်ဖြစ်သည်။

**အဓိပ္ပာယ်ဖွင့်ဆိုချက်**

**ကျောင်းသားတာဝန်ကျေပွန်မှု**

ကျောင်းသားတာဝန်ကျေပွန်မှုဆိုသည်မှာ ကျောင်းသားများသည် သူတို့၏သင်ယူလေ့လာခြင်းအောင်မြင်စေရန်အတွက် သူတို့တွင်သာတာဝန်ရှိသည်ဟု သတ်မှတ်ခံယူ၍ သင်ယူခြင်းဖြစ်စဉ်တွင် တက်ကြွစွာ ပါဝင်ခြင်းဖြစ်သည်။ ပညာရေးရည်မှန်းချက်ဆီသို့ ရောက်အောင် ကျောင်းသားများက ကိုယ်တိုင် ရွေးချယ်ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ ကျောင်းတွင်းအဖွဲ့အစည်းများတွင် တက်ကြွစွာပါဝင်ခြင်းဖြင့်လည်းကောင်း၊ စည်းကမ်းလိုက်နာ၍ စာရိတ္တကောင်းခြင်းဖြင့်လည်းကောင်း တာဝန်ကျေပွန်သော ကျောင်းသားများအဖြစ် အသိအမှတ်ပြုနိုင်သည်။

DBE Box

**တာဝန်ကျေပွန်သော ကျောင်းသားတစ်ဦး လုပ်ဆောင်သင့်သည်ဟု ယူဆသောအချက်များကို ဆွေးနွေးဖော်ထုတ်ပါ။**

| | |
|---|---|
| ဘာသာရပ်သင်ယူလေ့လာမှုတွင်ပါဝင်ခြင်း | |
| ကျောင်းတွင်းအဖွဲ့အစည်းများတွင် ပါဝင်ခြင်း | |
| စည်းကမ်းလိုက်နာခြင်း | |

**တာဝန်ကျေပွန်သော ကျောင်းသားတစ်ဦးတွင်ရှိရမည့် အရည်အသွေးများကို ဖော်ထုတ်၍ အောက်ဖော်ပြပါပုံတွင် ဖြည့်စွက်ပါ။ ထိုအရည်အသွေးများ အဘယ်ကြောင့်ရှိရန် လိုအပ်ကြောင်း အကြောင်းပြချက်ပေးပါ။**

DBE Box



| စဉ် | အရည်အသွေး | အကြောင်းပြချက် |
|---|---|---|
| ၁။ | ကျောင်းဝတ်စုံကို စနစ်တကျ ဝတ်ဆင်ခြင်း | ကျောင်းမှ သတ်မှတ်ထားသော ဝတ်စုံကို ဝတ်ဆင်ခြင်းဖြင့် ကျောင်း၏ ဂုဏ်ကိုဆောင်နိုင်ရန် |
| | | |
| | | |
| | | |
| | | |

**ကျောင်းလုပ်ငန်းများတွင် တာဝန်ကျေပွန်သော ကျောင်းသားတစ်ဦးအဖြစ် မည်ကဲ့သို့ ပါဝင်ဆောင်ရွက်ခဲ့ပုံကို အုပ်စုလိုက်ဆွေးနွေးတင်ပြပါ။**

**အောက်ပါ ဇယားကို အသုံးပြု၍ အုပ်စုလိုက်ဆွေးနွေးချက်များကို အကဲဖြတ်ပါ။**

| အကဲဖြတ်စံ | ကောင်းမွန်သည်။ | သင့်တင့်သည်။ | ကြိုးစားရန် လိုအပ်သည်။ |
|---|---|---|---|
| ကျောင်းသားအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု | | | |
| ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်မှု | | | |
| တီထွင်ဖန်တီးနိုင်မှု (အများနှင့်မတူ ထူးထူးခြားခြား ဆောင်ရွက်နိုင်မှု) | | | |

**အဓိကအချက်**

- ကျောင်းသားတာဝန်ကျေပွန်မှုဆိုသည်မှာ ကျောင်းသားများသည် သူတို့၏သင်ယူလေ့လာခြင်း အောင်မြင်စေရန်အတွက် သူတို့တွင်သာတာဝန်ရှိသည်ဟု သတ်မှတ်ခံယူ၍ သင်ယူခြင်းဖြစ်စဉ်တွင် တက်ကြွစွာ ပါဝင်ခြင်းဖြစ်သည်။

DBE BOX

**အောက်ပါမေးခွန်းများဖြင့် မိမိကိုယ်ကို သုံးသပ်ပါ။**

(၁) တာဝန်တစ်ခုထမ်းဆောင်ရာတွင် မည်သို့သောအရည်အချင်းရှိသူကို အဖွဲ့ခေါင်းဆောင်အဖြစ် ရွေးချယ်မည်နည်း။ အဘယ်ကြောင့်နည်း။

(၂) တာဝန်ကျေပွန်သော ကျောင်းသားတစ်ဦးအဖြစ် သင်မည်ကဲ့သို့ ကြိုးစား လုပ်ဆောင်ခဲ့ပါသနည်း။

(၃) တာဝန်ကျေပွန်သော ကျောင်းသားတစ်ဦး၏ အရည်အသွေးကောင်းများအနက် မည်သည့် အရည်အသွေးများကို သင်ပိုင်ဆိုင်ပါသနည်း။ နမူနာပြဖြေဆိုပါ။

## သင်ခန်းစာ(၂.၃) အားကိုးအားထားပြုနိုင်ခြင်း

ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် ကျွန်ုပ်တို့လေးစားအားကျရသော လူပုဂ္ဂိုလ်များရှိပါသည်။ ထိုသို့ လေးစားအားကျရခြင်းတွင် အကြောင်းရင်းများစွာရှိပါသည်။ လေးစားအားကျခြင်းသည် အားကိုး အားထားပြုနိုင်ခြင်းတွင် တစ်ခုအပါအဝင်ဖြစ်သည်။ အားကိုးအားထား ပြုနိုင်ရန်မှာ တာဝန်ယူမှု တာဝန်ခံမှုရှိရမည်ဖြစ်သည်။

**အဓိပ္ပာယ်ဖွင့်ဆိုချက်**

**အားကိုးအားထားပြုနိုင်ခြင်း**

အားကိုးအားထားပြုနိုင်ခြင်းဟူသည် တာဝန်ယူမှု တာဝန်ခံမှုရှိပြီး ကိုယ်ကျင့်သိက္ခာနှင့် ပြည့်စုံ၍ လမ်းမှန်ရောက်အောင် ဦးဆောင်ပေးနိုင်မှုကို ဆိုလိုပါသည်။

DBE Box

**အောက်ပါတို့ကိုစဉ်းစားဆွေးနွေးပါ။**

သင့်ပတ်ဝန်းကျင်တွင် အားကိုးအားထား ပြုနိုင်သောသူရှိပါသလား။ အဘယ်ကြောင့် အားကိုးအားထားပြုနိုင်ပါသနည်း။

**အောက်ပါတို့ကို စဉ်းစားဆွေးနွေးပါ။**

အားကိုးအားထားပြုနိုင်သူတစ်ဦးဖြစ်လာစေရန် မည်သို့သော အရည်အသွေးများရှိသင့်ပါသနည်း။ အောက်ပါပုံတွင်ဖြည့်စွက်ပါ။



- အများက အားကိုးအားထား ပြုနိုင်သူတစ်ယောက်ဖြစ်သည်ဟု သင့်ကိုယ်သင် ယူဆပါသလား။ အဘယ်ကြောင့်နည်း။

## ခရီးသည်နှစ်ဦး

တစ်ခါသော် ခရီးသည်နှစ်ဦးသည် တောအုပ်တစ်ခုကို ဖြတ်သန်း၍ အတူတကွ ခရီးသွားကြလေ၏။ လမ်း၌ သူတို့သည် တစ်စုံတစ်ရာ ဘေးအန္တရာယ်ကြုံလာခဲ့သော် တစ်ဦးကိုတစ်ဦး စောင့်ရှောက်ကြစတမ်းဟု ကတိထားကြလေသည်။ သို့နှင့်မကြာမီ သူတို့သည် ခရီးလမ်း၌ တောအုပ်တစ်ခုအတွင်းမှ ပြေးထွက်လာသော ဝက်ဝံတစ်ကောင်ကို တွေ့ကြလေ၏။

ခရီးသည်နှစ်ဦးအနက် တစ်ဦးမှာ သစ်ပင်အတက်ကျွင်လည်သူ ဖြစ်လေသည်။ သူသည် ဝက်ဝံကို မြင်လျှင်မြင်ချင်းပင် နီးရာသစ်ပင်တစ်ပင်သို့ ပြေးသွားကာ တက်ရောက် ပုန်းအောင်းနေလိုက်လေ၏။ ကျန်တစ်ဦးမှာကား သစ်ပင်လည်းမတက်တတ်သဖြင့် မြေပေါ်သို့ ရုတ်တရက် ဝမ်းလျားမှောက်ချလိုက်ကာ အသက်မရှူဘဲ ငြိမ်သက်စွာ လူသေဟန်ဆောင်၍နေလေ၏။

ဝက်ဝံသည် ထိုသူ့အနီးသို့ လာရောက်၍ ဟိုမှသည်မှ နမ်းရှုပ်ကြည့်သည်။ အကယ်ပင် သေဆုံးနေပြီဟု မှတ်ထင်ကာ ရန်မပြုဘဲ တောတွင်းသို့ ပြန်လည် ဝင်ရောက်သွားလေ၏။

ဘေးရန်လွတ်မြောက်လေသော် သစ်ပင်ပေါ်မှ ခရီးသည်သည် ဆင်းသက်လာပြီးနောက် မြေပေါ်၌လှဲနေသော အဖော်ဖြစ်သူအား "စောစောကဝက်ဝံသည် အနားသို့ကပ်၍ ဘာများပြောသွားပါသနည်း" ဟု မေးလေ၏။

ထိုအခါ မြေပေါ်၌လှဲနေသော ခရီးသည်က "တခြားမဟုတ်ပါ၊ သူက အကျွန်ုပ်အား သင်ကဲ့သို့ တစ်ကိုယ်ကောင်းကြံ၍ ဘေးကိုအလွတ်ရုန်းတတ်သော သူမျိုးအား ရှေ့အဖို့ ဘယ်ခါမှ ယုံကြည်စိတ်ချခြင်း မပြုပါနှင့်။ သို့မဟုတ်က ကျွန်ုပ်သာလျှင် ဒုက္ခကြုံရလိမ့်မည်ဟူ၍ အကြံပေးစကား ပြောကြားသွားပါသည်"ဟု ဆိုလိုက်လေသတည်း။

ငွေတာရီ

**အောက်ပါမေးခွန်းများကိုစဉ်းစားဆွေးနွေးပါ။**

(က) သစ်ပင်ပေါ်တက်သွားသောခရီးသည်သည် အားကိုးအားထားပြုနိုင်သူ ဖြစ်ပါသလား။

(ခ) အားကိုးအားထားပြုနိုင်သူ တစ်ယောက်ဖြစ်ကြောင်း မည်သို့သောအခြေအနေမျိုးတွင် သိရှိနိုင်မည်နည်း။

(ဂ) ဝက်ဝံက စကားမပြောသော်လည်း စကားပြောသည်ဟု အဘယ်ကြောင့်ပြောပါသနည်း။

(ဃ) အားကိုးအားထား ပြုနိုင်သူတစ်ဦးဖြစ်စေရန် မည်သို့ကျင့်ကြံ နေထိုင်ရမည်နည်း။

**အဓိကအချက်**

- အားကိုးအားထားပြုနိုင်သူတစ်ဦး၏ အရည်အသွေးများကို သိရှိနားလည်ပြီး နေ့စဉ်ဘဝတွင် ကျင့်သုံးတတ်လာမည်။

DBE Box


**အောက်ပါမေးခွန်းများကိုရေးသားဖြေဆိုပါ။**

(၁) အားကိုးအားထားပြုနိုင်ခြင်းကို သင်မည်သို့နားလည်ပါသနည်း။

(၂) အားကိုးအားထားပြုနိုင်သူတစ်ဦးဖြစ်စေရန် မည်သို့သောအပြုအမူများကို ရှောင်ကြဉ်ရမည်နည်း။

(၃) အများကအားကိုးအားထားပြုနိုင်သူတစ်ယောက်ဖြစ်စေရန် မည်သို့ပြုမူကျင့်ကြံနေထိုင်မည်နည်း။

**အခန်း(၂)တွင် သင်ယူခဲ့ရသည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။**




DBE Box




# အခန်း(၃)
# စည်းကမ်းနှင့်ဥပဒေ

နိုင်ငံသားတိုင်းမိမိနိုင်ငံကို ချစ်မြတ်နိုးတန်ဖိုးထားပြီး နိုင်ငံတော်က ချမှတ်ထားသော စည်းကမ်းနှင့်ဥပဒေကို လေးစားလိုက်နာရန် တာဝန်ရှိသည်။ နိုင်ငံသားများကို အကာအကွယ်ပေးရန် စည်းကမ်းနှင့်ဥပဒေကို ပြဋ္ဌာန်းထားရခြင်းဖြစ်သည်။ နိုင်ငံသားတိုင်းသည် ဥပဒေအရ သတ်မှတ်ပေးထားသော နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံသားများ ထမ်းဆောင်ရမည့်တာဝန်ကို သိရှိလိုက်နာပြီး အကူအညီလိုအပ်ပါက တောင်းခံနိုင်ရန် ဥပဒေအရ အကူအညီပေးနိုင်သော အဖွဲ့အစည်းများကို သိရှိထားရန် လိုအပ်သည်။ ဤအခန်းတွင် နိုင်ငံသားတစ်ဦး သိရှိလိုက်နာရမည့် စည်းကမ်းနှင့်ဥပဒေများ၊ ရပ်ရွာရေးရာ သိမှတ်စရာများနှင့် ဥပဒေအရ အကူအညီပေးနိုင်သော အဖွဲ့အစည်းများအကြောင်းကို လေ့လာသင်ယူရမည်။

**ဤအခန်းပြီးလျှင် ကျောင်းသားများသည် အောက်ပါတို့ကို လုပ်ဆောင်နိုင်မည် ဖြစ်သည်။**

- ရပ်ရွာဒေသအလိုက် ချမှတ်ထားသော စည်းကမ်းနှင့်ဥပဒေများကို လိုက်နာတတ်မည်။
- ဥပဒေအရ အကူအညီပေးနိုင်သော ရပ်ရွာဒေသရှိအဖွဲ့အစည်းများကို သိရှိပြီး လိုအပ်ပါက အကူအညီရယူတတ်မည်။

DBE Bcx

## သင်ခန်းစာ (၃.၁) စည်းကမ်းလေးစား နိုင်ငံသား

စည်းကမ်းနှင့်ဥပဒေများသည် လူ့အဖွဲ့အစည်းကို စနစ်တကျ ခိုင်မာစွာ တည်ဆောက်ရေး အတွက် အရေးပါသောအခန်းကဏ္ဍတွင် ပါဝင်ပါသည်။ နိုင်ငံသားတိုင်းသည် မိမိနိုင်ငံကို ချစ်ခင်မြတ်နိုး တန်ဖိုးထားရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ဥပဒေများ၊ ရပ်ရွာဒေသအလိုက် ချမှတ်ထားသော စည်းကမ်းများကို လိုက်နာကြရမည်။ နိုင်ငံသားများကို ဥပဒေက ကာကွယ်စောင့်ရှောက် ပေးထားသကဲ့သို့ နိုင်ငံသားများကလည်း ဥပဒေကို လေးစား လိုက်နာရန် တာဝန်ရှိသည်။

**အောက်ပါတို့ကို ဆွေးနွေးဖြေဆိုပါ။**

(က) နိုင်ငံသားဟူသော စကားရပ်ကို သင်မည်သို့နားလည်ပါသနည်း။

(ခ) ကျွန်ုပ်တို့၏ နိုင်ငံတော်ကို မည်သို့ခေါ်ဆိုပါသနည်း။

(ဂ) နိုင်ငံသားတစ်ဦးကို ဥပဒေအရ မည်သည့်အခွင့်အရေးများ ပေးထားသနည်း။

(ဃ) နိုင်ငံသားတစ်ဦးသည် မည်သည့်တာဝန်များကို ထမ်းဆောင်ရမည်နည်း။

**အောက်ပါအကြောင်းအရာကို မိမိအားလပ်ချိန်တွင် ကြိုတင်ဖတ်ရှုလေ့လာပါ။**

### နိုင်ငံသား

မိသားစုသည် နိုင်ငံတစ်နိုင်ငံ၏ အသေးငယ်ဆုံးလူမှုအဖွဲ့အစည်းပင်ဖြစ်သည်။ မိသားစု တစ်စုတွင် အခြေခံအားဖြင့် မိဘ၊ သားသမီးနှင့် ၎င်းတို့၏ ညီအစ်ကိုမောင်နှမများပါဝင်ကြသည်။ မိသားစုတစ်စုတွင် မိသားစုဝင်မဟုတ်သော်လည်း အကြောင်းအမျိုးမျိုးဖြင့် အတူလာရောက် နေထိုင်သူများလည်း ရှိကောင်းရှိနိုင်သည်။ ထို့ကြောင့်မိသားစုတစ်စုတွင် မိသားစုဝင်များနှင့် အတူလာရောက်နေထိုင်သူများဟူ၍ ပါဝင်ပါသည်။

နိုင်ငံတစ်နိုင်ငံတွင်လည်း ထိုနည်းတူပင်ဖြစ်သည်။ နိုင်ငံတော်တွင် ခေတ်အဆက်ဆက် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ရှိသကဲ့သို့ အကြောင်းအမျိုးမျိုး ကြောင့် မိမိတို့နိုင်ငံတွင် လာရောက်နေထိုင်သူများလည်းရှိကြသည်။ နိုင်ငံအတွင်းနေထိုင်ကြသူ အားလုံးသည် နိုင်ငံသားဖြစ်သည်ဟု မဆိုနိုင်ပေ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူတို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများ ဖြစ်ကြသည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသည်။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသား ပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရပ်စဲခြင်းတို့ကို ဥပဒေဖြင့်ပြဋ္ဌာန်းဆောင်ရွက်ကြရသည်။

DBE Box

**အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။**

(က) နိုင်ငံသားဆိုသည်မှာအဘယ်နည်း။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားတစ်ဦးဖြစ်သည့်အတွက်သင်မည်သို့ခံစားရပါသနည်း။

**နိုင်ငံသားကောင်းဖြစ်ရန်လိုအပ်သောအရည်အချင်းများ**

လူ၏ ယဉ်ကျေးမှုတိုးတက်ရာတိုးတက်ကြောင်းနှင့် နိုင်ငံ၏ တိုးတက်ရာတိုးတက်ကြောင်း ဆောင်ရွက်နိုင်သူကို နိုင်ငံသားကောင်းဟု ခေါ်ဆိုထိုက်ပေသည်။

နိုင်ငံသားကောင်းတစ်ယောက်၌ ပညာအမြော်အမြင် ရှိရမည်။ မိမိကိုယ်ကို မိမိချုပ်တည်းထိန်းသိမ်းတတ်ရမည်။ နိုင်ငံ့ဝန်ထမ်းလုပ်ငန်းများတွင် စိတ်ပါဝင်စားရမည်။ လူအများကောင်းကျိုးသို့မဟုတ် မိမိလူမျိုးကောင်းကျိုး သို့မဟုတ် မိမိနိုင်ငံသားကောင်းကျိုးတို့၌ မိမိကိုယ်ကို အနစ်နာခံနိုင်ရမည်။ မိမိတာဝန်ဝတ္တရားဆောင်ရွက်သောအခါ ကိုယ်ကျိုးကိုမငဲ့ဘဲ မကြောက်မရွံ့ မှန်ကန်စွာဆောင်ရွက်နိုင်သော သတ္တိရှိရမည်။ နိုင်ငံ၏သစ္စာကို စောင့်ထိန်းရိုသေ၍ နိုင်ငံတော်၏အမိန့်အာဏာများကို နာခံရမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားများ လိုက်နာစောင့်ထိန်းရမည့် တာဝန်များနှင့် ပတ်သက်ပြီး ပြဋ္ဌာန်းထားသည်။

နိုင်ငံသားတိုင်းသည် ပြည်ထောင်စု စိတ်ဓာတ်ကိုအခြေခံ၍ တိုင်းရင်းသား လူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာရေးတို့အတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ရမည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းစေရေးသည် နိုင်ငံသားတိုင်းတာဝန်ဖြစ်သည်။

နိုင်ငံသားတိုင်းသည် အောက်ဖော်ပြပါကိစ္စရပ်များတွင် နိုင်ငံတော်အား ကူညီရန်တာဝန်ရှိသည်-

(က) အမျိုးသား ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ခ) သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဂ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မြင့်မားလာစေရန် ကြိုးပမ်းခြင်း၊

(ဃ) အများပြည်သူပိုင် ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။

နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းခြင်းဖြင့် နိုင်ငံသားကောင်းများ ဖြစ်လာပေမည်။ မိမိကိုယ်ကျိုးထက် အိမ်ထောင်၏အကျိုးကို ဆောင်ရွက်ရမည်။ အိမ်ထောင်စု အကျိုးထက် ရပ်ရွာ၏အကျိုးကို ဆောင်ရွက်ရမည်။ ရပ်ရွာ၏ အကျိုးထက် နိုင်ငံ့အကျိုးကို ဆောင်ရွက်ရပေမည်။ နိုင်ငံ၏အကျိုးထက် လူ၏အကျိုးကို ဆောင်ရွက်ရပေမည်။

DBE Box

**အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။**

(က) နိုင်ငံသားကောင်းဖြစ်ရန် မည်သို့ပြုမူကျင့်ကြံသင့်သနည်း။

(ခ) မိမိကိုယ်ကျိုးနှင့် အများအကျိုးယှဉ်လာပါက မည်သည်ကို ရွေးချယ်ရမည်နည်း။ အဘယ်ကြောင့်နည်း။

**အဓိကအချက်များ**

- နိုင်ငံအတွင်း နေထိုင်သူတိုင်းကို နိုင်ငံသားဟု မှတ်ယူ၍ မရပေ။ နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်းကို ဥပဒေဖြင့် ပြဋ္ဌာန်းထားရှိသည်။
- လူ့အခွင့်အရေးကို လူသားတိုင်း ရပိုင်ခွင့်ရှိသော်လည်း နိုင်ငံသားအခွင့်အရေးကိုမူ နိုင်ငံသားများသာ ရပိုင်ခွင့်ရှိသည်။
- နိုင်ငံသားများသည် နိုင်ငံတော်ကပေးသော အခွင့်အရေးများကို ရယူခံစားခွင့်ရှိပြီး နိုင်ငံတော်က သတ်မှတ်ထားသော တာဝန်များကိုလည်းထမ်းဆောင်ရမည်။
- နိုင်ငံသားတစ်ဦးချင်းစီက နိုင်ငံတော်ကချမှတ်ထားသော ဥပဒေနှင့်စည်းကမ်းများကို လိုက်နာခြင်းဖြင့် နိုင်ငံသားကောင်းပီသလာမည်။

DBE Box

**(၁) စည်းကမ်းလေးစား နိုင်ငံသား သင်ခန်းစာမှ ရရှိလိုက်သော အကြောင်းအရာများကို အောက်ပါ ခေါင်းစဉ်များဖြင့် ဆွေးနွေးပါ။**

(က) နိုင်ငံသား

(ခ) နိုင်ငံသားများ၏တာဝန်များ

(ဂ) နိုင်ငံသားကောင်း

**(၂) အောက်ပါတို့ကို မှန်မမှန် အကြောင်းပြချက်ဖြင့် ဆွေးနွေးဖြေဆိုပါ။**

(က) နိုင်ငံအတွင်းနေထိုင်သူအားလုံးကိုနိုင်ငံသားအဖြစ်သတ်မှတ်သည်။

(ခ) အစိုးရသည် နိုင်ငံသားအားလုံးကိုတန်းတူညီမျှဆက်ဆံရမည်။

(ဂ) နိုင်ငံသားတစ်ဦးသည် နိုင်ငံတော်က သတ်မှတ်ထားသော တာဝန်များကို ထမ်းဆောင်ရမည်။

## သင်ခန်းစာ (၃.၂) ရပ်ရွာရေးရာ သိမှတ်စရာ

ကျောင်းသားများသည် ကျေးရွာနှင့် ရပ်ကွက်အသီးသီးတွင် နေထိုင်ကြသော ရပ်သူရွာသားများ ဖြစ်ကြပါသည်။ ထို့ကြောင့် ကျောင်းနေစဉ်ကတည်းက ရပ်ရွာရေးရာ သိမှတ်စရာများကို သိရှိနားလည်ထားသင့်ပါသည်။ ကျောင်းသားများသည် မိသားစုတွင်း၌ဖြစ်စေ၊ ကျောင်းတွင်း၌ ဖြစ်စေ ပြုမူပြောဆိုနေထိုင်ရာတွင် မိသားစုစည်းကမ်း၊ ကျောင်းစည်းကမ်းများကို လေးစားလိုက်နာကျင့်သုံးခြင်းအားဖြင့် လူကောင်းလူမွန်များဖြစ်လာကြပါသည်။ ထို့မှတစ်ဆင့် ရပ်ရွာစည်းကမ်းဥပဒေများကို သိရှိနားလည်ပြီး လေးစားလိုက်နာကျင့်သုံးသော ရပ်သူရွာသားကောင်းများဖြစ်အောင် ကြိုးစားနေထိုင်ကြရမည် ဖြစ်ပါသည်။

### အဓိပ္ပာယ်ဖွင့်ဆိုချက်

**ရပ်ကွက်**

ရပ်ကွက်ဆိုသည်မှာ သက်ဆိုင်ရာမြို့၏ နယ်နိမိတ်အတွင်း ရပ်ကွက်အဖြစ် နယ်နိမိတ် သတ်မှတ်ဖွဲ့စည်းသည့်ဒေသကို ဆိုသည်။

**ကျေးရွာ**

ကျေးရွာဆိုသည်မှာ သက်ဆိုင်ရာမြို့၏ နယ်နိမိတ်အတွင်း ပါဝင်ခြင်းမရှိသည့် နယ်မြေတွင် ကျေးရွာအဖြစ် နယ်နိမိတ်သတ်မှတ်ဖွဲ့စည်းသည့်ဒေသကို ဆိုသည်။

**ကျေးရွာအုပ်စု**

ကျေးရွာအုပ်စုဆိုသည်မှာ ကျေးရွာတစ်ရွာကိုဖြစ်စေ၊ ကျေးရွာအများကိုဖြစ်စေ စုစည်း၍ ကျေးရွာအုပ်စုအဖြစ် နယ်နိမိတ်သတ်မှတ်ဖွဲ့စည်းသည့်ဒေသကို ဆိုသည်။

**မြို့**

မြို့ဆိုသည်မှာ သက်ဆိုင်ရာရပ်ကွက်များကို စုစည်း၍ မြို့အဖြစ် နယ်နိမိတ်သတ်မှတ်ဖွဲ့စည်းသည့်ဒေသကို ဆိုသည်။

**မြို့နယ်**

မြို့နယ်ဆိုသည်မှာ သက်ဆိုင်ရာ ရပ်ကွက်များကိုဖြစ်စေ၊ သက်ဆိုင်ရာ ကျေးရွာအုပ်စုများနှင့် မြို့ကိုဖြစ်စေ စုစည်း၍ မြို့နယ်အဖြစ် နယ်နိမိတ်သတ်မှတ်ဖွဲ့စည်းသည့်ဒေသကို ဆိုသည်။

**အိမ်ထောင်စုကိုယ်စားလှယ်**

အိမ်ထောင်စုကိုယ်စားလှယ်ဆိုသည်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကို မဲပေးရွေးချယ်နိုင်ခွင့်ရှိသည့် အိမ်ထောင်စုတစ်ခု၏ အိမ်ထောင်ဦးစီး သို့မဟုတ် (၁၈) နှစ်ပြည့်ပြီးသော မိသားစုဝင် တစ်ဦးဦးကို ဆိုသည်။

DBE Box

**ဆယ်အိမ်မှူး**

ဆယ်အိမ်မှူးဆိုသည်မှာ ရာအိမ်မှူးရွေးချယ်ရန်အတွက်လည်းကောင်း၊ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကို အထောက်အကူပြုရန်အတွက်လည်းကောင်း၊ သက်ဆိုင်ရာ ဆယ်အိမ်စု အစုအဖွဲ့က ရွေးချယ်သည့်သူကို ဆိုသည်။

**ရာအိမ်မှူး**

ရာအိမ်မှူးဆိုသည်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်ရန် အတွက်လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကို အထောက်အကူ ပြုရန်အတွက်လည်းကောင်း၊ သက်ဆိုင်ရာ ရာအိမ်စု အစုအဖွဲ့က ရွေးချယ်သည့်သူကို ဆိုသည်။

**ကျေးရွာတာဝန်ခံ**

ကျေးရွာတာဝန်ခံဆိုသည်မှာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား အထောက်အကူပြုရန် အတွက် သက်ဆိုင်ရာ ရာအိမ်မှူးများက ရွေးချယ်သည့်သူကို ဆိုသည်။

**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး**

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဆိုသည်မှာ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးလုပ်ငန်းများကိုဆောင်ရွက်ရန် ဥပဒေအရ ခန့်အပ် တာဝန်ပေးခြင်းခံရသောပုဂ္ဂိုလ်ကို ဆိုသည်။

DBE Box

**အောက်ပါစကားဝိုင်းဆွေးနွေးပွဲကို လေ့လာပါ။**

**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်တင်မြှောက်ခြင်း**

ညှိနှိုင်းဆွေးနွေးသူ - ဆရာမဒေါ်လွင်လွင်မာ (အလယ်တန်း စာရိတ္တနှင့် ပြည်သူ့နီတိဆရာ)

ဦးဆောင်ဆွေးနွေးသူများ - ဦးကျော်ကိုကိုဇင် (ရပ်ကွက်အုပ်ချုပ်ရေးမှူး)

ဦးချမ်းငြိမ်းအောင် (ရပ်မိရပ်ဖ)

ဒေါ်ချိုချိုမြင့် (ရပ်မိရပ်ဖ)

ဆရာမဒေါ်လွင်လွင်မာ - စကားဝိုင်းဆွေးနွေးပွဲကို တက်ရောက်လာသူအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ဒီစကားဝိုင်းဆွေးနွေးပွဲမှာ ကျွန်မက ညှိနှိုင်းဆွေးနွေးသူအနေနဲ့ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီကနေ့ စကားဝိုင်းမှာ ကျွန်မတို့ ဆွေးနွေးမဲ့ အကြောင်းအရာကတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်တင်မြှောက်ခြင်းဆိုတဲ့ အကြောင်းပဲ ဖြစ်ပါတယ်။ ပထမဆုံးအနေနဲ့ ရပ်မိရပ်ဖတစ်ဦးဖြစ်တဲ့ ဒေါ်ချိုချိုမြင့်က စပြီးဆွေးနွေးပေးပါအုံး။

ဒေါ်ချိုချိုမြင့် - အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ ဒေါ်ချိုချိုမြင့်ဖြစ်ပါတယ်။ ရပ်မိရပ်ဖတစ်ဦးပါရှင်။ ကျွန်မကို စပြီးဆွေးနွေးခွင့်ပေးလို့လဲ ဝမ်းသာပါတယ်ရှင်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်တင်မြှောက်ရာမှာ ကျွန်မတို့ ရပ်မိရပ်ဖတွေက ကြီးကြပ်ရေးအနေနဲ့ တာဝန်ယူဆောင်ရွက်ရပါတယ်ရှင်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ရာမှာ ကြီးကြပ်နိုင်ဖို့အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူတွေက ရွေးချယ်ပေးတဲ့ အဲ့ဒီတာဝန်ကို ထမ်းဆောင်ဖို့ ဆန္ဒရှိတဲ့ ရပ်မိရပ်ဖ ငါးဦးကို ကြီးကြပ်ရေးအဖွဲ့အဖြစ် မြို့နယ်အုပ်ချုပ်ရေးမှူးက ဖွဲ့စည်းတာဝန်ပေးအပ်ပါတယ်။

ဆရာမဒေါ်လွင်လွင်မာ - ဟုတ်ကဲ့ပါရှင်။ ကြီးကြပ်ရေးအဖွဲ့က ဘာတာဝန်တွေ ထမ်းဆောင်ရတယ်ဆိုတာ ဦးချမ်းငြိမ်းအောင်က ရှင်းပြပေးပါအုံး။

ဦးချမ်းငြိမ်းအောင် - ကြီးကြပ်ရေးအဖွဲ့ဟာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စုစာရင်းတွေရယူပြီး သတ်မှတ်ထားတဲ့ နည်းလမ်းတွေနဲ့အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအလိုက် တစ်ဆက်တစ်စပ်တည်း အစဉ်လိုက်ဖြစ်တဲ့ ဆယ်အိမ်စုအဖွဲ့နဲ့ ရာအိမ်စု အစုအဖွဲ့တွေကို ဖွဲ့စည်းရပါမယ်။ ဆယ်အိမ်စု အသီးသီးမှာနေထိုင်ကြတဲ့ အိမ်ထောင်စုကိုယ်စားလှယ် တွေကို စုစည်းပြီး အရည်အချင်းတွေနဲ့ပြည့်စုံသူတစ်ဦးကို အများဆန္ဒနဲ့အညီ ဆယ်အိမ်မှူးအဖြစ် ရွေးချယ်ရပါမယ်။ ရာအိမ်စုအသီးသီးမှာ ရွေးချယ်ခံရတဲ့ ဆယ်အိမ်မှူးတွေထဲက ရာအိမ်မှူးတစ်ဦးကို သက်ဆိုင်ရာ ရာအိမ်စု အတွင်းရှိ အိမ်ထောင်စု ကိုယ်စားလှယ်တွေက အများဆန္ဒနဲ့အညီ ရွေးချယ်ရပါမယ်။ ရွေးချယ်ခံရတဲ့ ရာအိမ်မှူးတစ်ဦးတည်းပဲရှိတယ် ဆိုရင် အဲဒီပုဂ္ဂိုလ်ကို ရပ်ကွက် သို့မဟုတ်ကျေးရွာအုပ်စု



DBE Box

အုပ်ချုပ်ရေးမှူး အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ဖို့ မြို့နယ်အုပ်ချုပ်ရေးမှူးထံ ဆက်လက် တင်ပြရပါမယ်။ ရွေးချယ်ခံရတဲ့ ရာအိမ်မှူး တစ်ဦးထက်ပို နေရင်တော့ အဲဒီပုဂ္ဂိုလ်တွေကို -

(၁) ရပ်ကွက်များတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးလောင်းများ အဖြစ်လည်းကောင်း၊ ကျေးရွာအုပ်စုများတွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးလောင်းများအဖြစ်လည်းကောင်း အမည်စာရင်း ပြုစုရမည်။

(၂) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးလောင်းများ အဖြစ် အမည်စာရင်း ပြုစုရာတွင် အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်ရန် ဆန္ဒမပြုသည့် ရာအိမ်မှူးများရှိပါက ယင်းတို့၏ အမည်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးလောင်း အမည်စာရင်းတွင် ချန်လှပ်ရမည်လို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဥပဒေမှာ ဖော်ပြထားပါတယ်။

ဆရာမဒေါ်လွင်လွင်မာ - ဟုတ်ကဲ့ ကျေးဇူးပါရှင်။ ပြုစုထားတဲ့ အမည်စာရင်းပါ ပုဂ္ဂိုလ်တွေထဲက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတစ်ဦးကို ဘယ်လို ရွေးချယ်တင်မြှောက်ကြတယ်ဆိုတာ ဒေါ်ချိုချိုမြင့်က ဆက်လက်ဆွေးနွေးပေးပါအုံး။

ဒေါ်ချိုချိုမြင့် - သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အတွင်းမှာရှိတဲ့ အိမ်ထောင်စု ကိုယ်စားလှယ်တွေက သတ်မှတ်ထားတဲ့ နေ့ရက်မှာ လျှို့ဝှက်ဆန္ဒမဲပေးပြီး ရွေးချယ်ရပါမယ်။ ရရှိတဲ့ ဆန္ဒမဲတွေကို ရေတွက်ပြီး ဆန္ဒမဲအများ အနည်းအလိုက် အမည်စာရင်းပြုစု ကြေညာရပါမယ်။ ကျေးရွာ တစ်ရွာထက် ပိုမိုဖွဲ့စည်းထားတဲ့ ကျေးရွာအုပ်စုတွေမှာ သက်ဆိုင်ရာ ကျေးရွာတာဝန်ခံအဖြစ် ဆယ်အိမ်မှူး၊ ရာအိမ်မှူးတွေက မိမိတို့ထဲက တစ်ဦးကို အများဆန္ဒနဲ့အညီ ရွေးချယ်ရပါမယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲပြီးတဲ့အခါ အဲဒီပွဲနဲ့ စပ်လျဉ်းတဲ့ အချက်သုံးချက်ကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရပါမယ်။

(၁) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ် တင်မြှောက်ခြင်းခံရသူ၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များ၊

(၂) ကျေးရွာတာဝန်ခံများ၊ ရာအိမ်မှူးများအဖြစ် ရွေးချယ်ခြင်းခံရသူများ၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များ၊

DBE Box

(၃)ဆယ်အိမ်မှူးများ၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များ ပဲ ဖြစ်ပါတယ်ရှင်။

ကြီးကြပ်ရေးအဖွဲ့က တင်ပြလာတဲ့ အမည်စာရင်းပါ ပုဂ္ဂိုလ်တွေကို စိစစ်ပြီး သတ်မှတ်ထားတဲ့ အရည်အချင်းတွေနဲ့ ပြည့်စုံခဲ့ရင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်ပါတယ်။ သက်ဆိုင်ရာ ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးတွေကိုလဲ တာဝန်ပေးအပ်ရပါမယ်။

ဆရာမဒေါ်လွင်လွင်မာ - အခုလို ပြည့်ပြည့်စုံစုံ ရှင်းပြပေးတာ ကျေးဇူးတင်ပါတယ်ရှင်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးတွေမှာ ပြည့်စုံရမဲ့ အရည်အချင်းတွေက ဘာတွေလဲဆိုတာ ဥက္ကဋ္ဌဦးကျော်ကိုကိုဇင်က ပြောပြပေးပါအုံးရှင်။

ဦးကျော်ကိုကိုဇင် - ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးတွေမှာ ပြည့်စုံရမဲ့ အရည်အချင်းတွေကတော့

(၁) နိုင်ငံသားမိဘနှစ်ပါးက မွေးဖွားသော နိုင်ငံသားဖြစ်ခြင်း၊

(၂) အသက် ၂၅ နှစ်ပြည့်ပြီးသူဖြစ်ခြင်း၊

(၃) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း အနည်းဆုံးငါးနှစ် နေထိုင်လျက်ရှိသူဖြစ်ပြီး လက်ရှိတာဝန် ထမ်းဆောင်ချိန်တွင် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု တွင် အမှန်တကယ်နေထိုင်မည့်သူဖြစ်ခြင်း၊ (ခြွင်းချက် - ဒေသခံ အငြိမ်းစားဝန်ထမ်း ဖြစ်ပါက သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအတွင်း တစ်ဆက်တည်း ၂ နှစ် နေထိုင်သူကို ထည့်သွင်းစဉ်းစား နိုင်သည်။)

(၄) ရပ်ရွာက ကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသူဖြစ်ခြင်း၊

(၅) ပေးအပ်သည့် တာဝန်ကို ထမ်းဆောင်နိုင်စွမ်းရှိသူဖြစ်ခြင်း၊

(၆) နိုင်ငံတော်နှင့် ရပ်ရွာဒေသ၏အကျိုးကို စေတနာထက်သန်စွာ တာဝန်ထမ်းဆောင်ရန် ဆန္ဒရှိသူဖြစ်ခြင်း၊

(၇) အတူနေမိသားစုဝင်များသည်လည်း အကျင့်စာရိတ္တ ကောင်းမွန် ပြီး ရိုးသားဖြောင့်မတ်သူများ ဖြစ်ခြင်း၊

(၈) တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းမဟုတ်ခြင်းတို့ပဲ ဖြစ်ပါတယ်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရဲ့ရာထူးသက်တမ်း ဟာ သာမန်အားဖြင့် နိုင်ငံတော်သမ္မတရဲ့ ရာထူးသက်တမ်း အတိုင်းပါပဲ။ သက်တမ်းဟာ တစ်ဆက်တည်း နှစ်ကြိမ်ထက် မပိုစေရပါဘူး။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဟာ နိုင်ငံတော်သမ္မတရဲ့ သက်တမ်းသစ်

DBE Box

ကာလအတွင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး အသစ် ရွေးချယ်ခန့်အပ် တာဝန်ပေးပြီးတဲ့ အချိန်ထိ တာဝန်ထမ်းဆောင်ရမှာဖြစ်ပြီး လုပ်ငန်းတာဝန်တွေကို စနစ်တကျ လွှဲပြောင်းပေးရပါမယ်။ နောက်ပြီးတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဟာ နိုင်ငံရေးပါတီတစ်ခုခုရဲ့ အဖွဲ့ဝင်ဖြစ်နေရင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးတာ ခံရတဲ့နေ့ကစပြီး မိမိတာဝန်ထမ်းဆောင်စဉ် သက်တမ်းအတွင်း အဲဒီပါတီအဖွဲ့အစည်းရဲ့ ပါတီလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်တာမျိုး မလုပ်ရပါဘူး။

ဆရာမဒေါ်လွင်လွင်မာ - ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်တင်မြှောက်ခြင်းနဲ့ ပတ်သက်ပြီး သိသင့်သိထိုက်တာတွေကို ဆွေးနွေးပေးတဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးနဲ့ ရပ်မိရပ်ဖတွေကို အထူးကျေးဇူးတင်ပါတယ်ရှင်။

**အောက်တွင် ဖော်ပြထားသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်အချို့ကို လေ့လာဆွေးနွေးပါ။**

DBE BOX

၁။ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေး၊
၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ၏ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း၊
၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ၏ အခွင့်အရေးကို ကာကွယ် စောင့်ရှောက်ခြင်း၊
၄။ မှုခင်းများနှင့် ဒုစရိုက်မှုများ ဖော်ထုတ်ခြင်း၊ သတင်းပေးတိုင်ကြားခြင်း၊ ဖမ်းဆီးအရေးယူခြင်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများအား သတင်းပို့ခြင်းနှင့် ကူညီခြင်း၊
၅။ အသံချဲ့စက် ဖွင့်ခွင့်တောင်းခံခြင်းကို စည်းကမ်းချက် သတ်မှတ်၍ ခွင့်ပြုခြင်း၊ ခွင့်ပြုချက်မရှိဘဲ အသံချဲ့စက်ဖွင့်သူ သို့မဟုတ် စည်းကမ်းဖောက်ဖျက်သူအား အရေးယူခြင်း၊ အရေးယူရန်အကြောင်းကြားခြင်း၊
၆။ ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး၊ မီးဘေးကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး၊ အများပြည်သူတို့အား နှောင့်ယှက်မှုမှ တားဆီးရေးတို့ကို ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း၊
၇။ ဖွားသေမှတ်ပုံတင်စာရင်းနှင့် အိမ်ထောင်စုပြောင်းရွှေ့ထွက်ခွာခြင်း၊ ပြောင်းရွှေ့ရောက်ရှိခြင်းနှင့် လူဦးရေစာရင်းများကို အချိန်နှင့် တစ်ပြေးညီပြုစုခြင်း၊
၈။ မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေးစသည့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ပါက ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊
၉။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များကို ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ပံ့ပိုးကူညီခြင်း၊
၁၀။ သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးမှူးက ဥပဒေနှင့်အညီ ပေးအပ်သော လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

**အောက်တွင် ဖော်ပြထားသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူ၏ တာဝန်ဝတ္တရားအချို့ကို လေ့လာဆွေးနွေးပါ။**

၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများသည် -

(က) မှုခင်းများ၊ ဒုစရိုက်မှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာသို့ သတင်းပေးပို့ရမည်။

(ခ) တိရစ္ဆာန်များ စနစ်တကျ မွေးမြူရန် သတ်မှတ်သည့် ညွှန်ကြားချက်ကို လိုက်နာရမည်။

(ဂ) မွေးဖွားခြင်း၊ သေဆုံးခြင်းနှင့် အိမ်ထောင်စုပြောင်းရွှေ့ထွက်ခွာခြင်း၊ ပြောင်းရွှေ့ရောက်ရှိခြင်း တို့ကို သတင်းပေးပို့ရမည်။

၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အသံချဲ့စက်ဖွင့်လိုပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံမှ ခွင့်ပြုမိန့် ရယူရမည့်အပြင် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်။

၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် ဒေသခံပြည်သူများ၏ အကျိုးစီးပွားကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်နစ်နာစေရန် ပြုလုပ်ခြင်းကို ရှောင်ကြဉ်ရမည်။

၄။ ဘေးအန္တရာယ်တစ်စုံတစ်ရာ ကျရောက်ပြီး အရေးပေါ်အခြေအနေ ပေါ်ပေါက်သည့်အခါ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အများပြည်သူအကျိုးငှာ တိုက်ရိုက် အကျိုးပြုသည့် လုပ်ငန်းများကို ကူညီဆောင်ရွက်ရမည်။

DBEBox

**အောက်ဖော်ပြပါ ရပ်ရွာအလှ ကဗျာကို ဖတ်ရှုလေ့လာဆွေးနွေးပါ။**

## ရပ်ရွာအလှ

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏သားငယ်၊ သက်နှစ်ဆယ်သည်
ဘယ်ရပ်ရွာကို ကြိုက်သနည်း။

သူ့ဝင်းသူ့အိမ်၊ သူ့ဂုဏ်ရှိန်နှင့်
ငါ့အိမ် ငါ့ဝင်း၊ ငါ့ဂုဏ်တင်း၏
ဝင်းအိမ် ဘယ်ညာ၊ နီးကြပါလည်း
မလာမသွား၊ မာန်စည်းတား၍
မကြားမမြင်၊ မခေါ်ချင်သည်
မခင် သော့ခတ် ထိုအရပ်။

သူ့အိမ် ငါ့ဝင်း၊ အချင်းချင်းတည့်
သူ့ဝင်း ငါ့အိမ်၊ အကြိမ်ကြိမ်တည့်
သူ့အိမ်ကိစ္စ၊ ငါ့အိမ်ကတည့်
ငါ့ဝင်းကိစ္စ၊ သူ့ဝင်းကတည့်
ထိုမှ ရွာမှု၊ အရပ်မှုကို
ပေါင်းစုတိုင်ပင်၊ လုပ်ငန်းတွင်သည်
ခင်မင် လွတ်လပ် ထိုအရပ်။

ဇော်ဂျီ

DBE Box

**အဓိကအချက်များ**

- ရပ်ရွာဒေသတွင်း ကျင့်သုံးသည့် စည်းမျဉ်းစည်းကမ်းဥပဒေများကို နားလည်ကျင့်သုံးခြင်းဖြင့် ရပ်သူရွာသားကောင်းများ ဖြစ်လာပေမည်။
- ရပ်ရွာဒေသဆိုင်ရာ စည်းကမ်းဥပဒေများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် လုံခြုံအေးချမ်းသော ရပ်ရွာကို ဖန်တီးဖော်ဆောင်နိုင်သည်။

**အောက်ပါမေးခွန်းများကို ရေးသားဖြေဆိုပါ။**

(၁) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးတို့တွင် ပြည့်စုံရမည့် အရည်အချင်းများကို ဖော်ပြပါ။

(၂) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များကို စာရင်းပြုစုပါ။

(၃) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူတစ်ဦးတွင် ရှိသင့်သည့်တာဝန်ဝတ္တရားများကို ဆွေးနွေးပါ။

## သင်ခန်းစာ(၃.၃) အကူအညီလိုလျှင် ပြောစေချင်

လူတို့သည် အစုအဖွဲ့ဖြင့်နေထိုင်ကြရသည်။ ထိုသို့နေထိုင်ရာတွင် ဖြစ်ပေါ်လာတတ်သည့် ပဋိပက္ခများ၊ ပြဿနာများ၊ အခက်အခဲများကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရမည်။ ပဋိပက္ခများ၊ ပြဿနာများကို ဖြေရှင်းခြင်းထက် မဖြစ်စေရန် ကြိုတင်ကာကွယ်ပေးခြင်းက အကောင်းဆုံးဖြစ်သည်။ ထို့ကြောင့် လူသားတို့ကို အကူအညီပေးသော၊ ကာကွယ်ပေးသော အဖွဲ့အစည်းများကို ဖွဲ့စည်းထားကြသည်။ ထိုအဖွဲ့အစည်းများကလည်း ကိစ္စရပ်များကို အရာအားလုံးတစ်ပြေးညီ ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် စည်းကမ်း၊ ဥပဒေများ သတ်မှတ်ထားရှိကြသည်။

- အခက်အခဲတစ်စုံတစ်ရာနှင့် ကြုံဖူးပါသလား။ ထိုကဲ့သို့ တွေ့ကြုံရသောအခါ မည်သည့်အဖွဲ့အစည်းကို အကူအညီ တောင်းခဲ့ပါသနည်း။

**ဖြစ်ရပ်လေ့လာခြင်း**

**ဖြစ်ရပ် (၁)**

မျိုးမျိုးတို့အိမ်တွင် မိသားစုငါးယောက်သာရှိသည်။ အဘွား၊ ဖေဖေ၊ မေမေ၊ မျိုးမျိုးနှင့် မောင်လေး ထွန်းထွန်းတို့ဖြစ်သည်။ အဘွားသည် အသက်ကြီးပြီဖြစ်၍ လမ်းမလျှောက်နိုင်တော့ပါ။ တစ်နေ့ ဖေဖေနှင့်မေမေ ခရီးသွား၍ မျိုးမျိုး ထမင်းဟင်းချက်ရလေသည်။ မျိုးမျိုးဟင်းချက်ရန် ဆီအိုးတည်ထားသော အချိန်တွင် ဖုန်းဝင်လာ၍ ဖုန်းပြန်ဖြေနေသည်။ မျိုးမျိုးဖုန်းပြောနေစဉ် ဆီအိုးမှ မီးတောက်နေသည်ကို တွေ့လိုက်ရသည်။ အိမ်ထဲတွင်လည်း အဘွားနှင့်မောင်လေးသာရှိသည်။

(၁) မျိုးမျိုး၏စိတ်ထဲတွင် မည်သို့ခံစားရ၍မည်သို့ ပြုမူမည်ဟု သင်ထင်ပါသနည်း။

(၂) မျိုးမျိုးသည် မည်သို့ ဆောင်ရွက်သင့်ပါသနည်း။

(၃) မျိုးမျိုးသည် မည်သည့်နေရာကို အကူအညီတောင်းသင့်ပါသနည်း။

**ဖြစ်ရပ်(၂)**

ရပ်ကွက်ထဲတွင် တစ်ခါမှမမြင်ဖူးသည့် လူစိမ်းတစ်ယောက်သည် ညနေတိုင်းရောက်လာပြီး ကလေးများ ကစားနေသောနေရာသို့ သွားကာ ကလေးများကို မုန့်ဝယ်ကျွေးပြီး အရုပ်များ လက်ဆောင်ပေးသည်။ အစပိုင်းတွင် ကလေးများသည် ကြောက်ရွံ့နေသော်လည်း ရက်ကြာလာသည်နှင့်အမျှ ရင်းနှီးလာသည်။ ထိုအခါ လူစိမ်းသည် "သူနှင့်လိုက်ခဲ့ပါက မုန့်အများကြီးဝယ်ကျွေးမည်၊ လိုချင်တာတွေလည်း ဝယ်ပေးမည်၊ အရုပ်တွေလည်း အများကြီးဝယ်ပေးမည်၊ မုန့်ဖိုးလည်းပေးမည်" ဟု ပြောနေသည်ကို ဝေဝေက ကြားလိုက်သည်။

(၁) ဝေဝေ မည်သို့ဆက်လုပ်သင့်ပါသနည်း။

(၂) လိုအပ်ပါက မည်သည့်အဖွဲ့အစည်းများသို့ အကူအညီတောင်းသင့်သနည်း။

**ဖြစ်ရပ်(၃)**

ပပသည် သတ္တမတန်းတွင် ပညာသင်ယူနေပြီး သည်းခံအားနာတတ်သူဖြစ်သည်။ သူဇာသည် ခန္ဓာကိုယ် ထွားကျိုင်းပြီး အတန်းဖော်သူငယ်ချင်းတို့ကို အနိုင်ကျင့်တတ်သူဖြစ်သည်။ တစ်နေ့တွင် သူဇာသည် ဖိနပ်အသစ်လိုချင်၍ သူ၏ပြတ်ခါနီးဖိနပ်ကို ပပကို စီးခိုင်းသည်။

ပပစီးလိုက်သောအခါ ဖိနပ်ပြတ်သွားသည်။ သူဇာသည် ဖိနပ်ပြတ်သွားသောကြောင့် ပပကို အလျော်တောင်းသည်။ ပပသည် သူ့ခဏလေးသာစီးကြည့်ကြောင်း၊ ဖိနပ်မှာ နဂိုတည်းက ပြတ်ခါနီးဖြစ်နေကြောင်း ပြောသည်။ သူဇာသည် ပပ၏အားနာတတ်မှု၊ သည်းခံမှုကို အခွင့်ကောင်းယူကာ ပပ၏မုန့်ဖိုးများကို လျော်ကြေးအဖြစ် တောင်းယူသည်။ ပပသည် သူဇာနှင့် ခင်မင်မှု မပျက်စေချင်၍ ပါသမျှမုန့်ဖိုးများကို မငြင်းဆန်ဘဲ လျော်ကြေးအဖြစ် နေ့တိုင်းပေးရသည်။ ဤသို့ဖြင့် နှစ်ပတ်ခန့် ကြာမြင့်သွားခဲ့သည်။

**အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။**

(၁) ပပသည် မည်သူ့ကိုမျှ မတိုင်ပင်ဘဲ သူ၏ပြဿနာကို ဖြေရှင်းနေသည်မှာ မှန်သည်ဟုထင်ပါသလား။

(၂) သင်သည် ဤကဲ့သို့ အဖြစ်မျိုးနှင့် တွေ့ကြုံရလျှင် မည်ကဲ့သို့ဖြေရှင်းမည်နည်း။

(၃) သူဇာသည် ထိုကဲ့သို့သော လုပ်ရပ်မျိုးကို လုပ်သင့်ပါသလား။

DBE Box

**အဓိကအချက်**

- မိမိပတ်ဝန်းကျင်တွင် ဥပဒေအရလည်းကောင်း၊ လူမှုရေးအရလည်းကောင်း အကူအညီပေးနိုင်သော အဖွဲ့အစည်းများ၊ အကာအကွယ်ပေးနိုင်သော အဖွဲ့အစည်းများကို သိရှိထားရမည်။

**အောက်ပါမေးခွန်းများကို ရေးသားဖြေဆိုပါ။**

(၁) မိမိတစ်ဦးတည်း ဖြေရှင်း၍မရနိုင်သော ပြဿနာများကို မည်သို့ဖြေရှင်းမည်နည်း။

(၂) အခက်အခဲ ရင်ဆိုင်နေရသူတစ်ဦးက သင့်အားအကူအညီတောင်းလာပါက မည်သို့ဆောင်ရွက်မည်နည်း။

**အခန်း(၃)တွင် သင်ယူခဲ့ရသည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။**

**စည်းကမ်းနှင့်ဥပဒေ**

- စည်းကမ်းလေးစား နိုင်ငံသား
- ရပ်ရွာရေးရာ သိမှတ်စရာ
- အကူအညီလိုလျှင် ပြောစေချင်

DBE Box



# အခန်း (၄)
## ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခြင်း

လူအများနှင့် ဆက်ဆံရာတွင် တစ်ဦးနှင့်တစ်ဦး လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာ အဆင့်အတန်း ခွဲခြားမှု မရှိဘဲ တန်းတူဆက်ဆံမှသာ လူသား အချင်းချင်း ငြိမ်းချမ်းရေး တည်ဆောက်နိုင်မည်။ ထို့အတူ လူတစ်ဦးနှင့်တစ်ဦး မတူညီသော အတွေးအခေါ်၊ အယူအဆနှင့် သဘောထားများကို နားလည်လက်ခံ နိုင်စေရန် ညှိနှိုင်းဆွေးနွေးခြင်းဖြင့်လည်း ငြိမ်းချမ်းသော လူမှုဝန်းကျင်ကို ရရှိနိုင်ပါသည်။ ဤအခန်းတွင် ရပ်ရွာအတွင်း တစ်ဦးနှင့်တစ်ဦးငြိမ်းချမ်းစွာ နေထိုင်ခြင်း၊ ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် လိုအပ်သည့် စိတ်ရှည် သည်းခံခြင်း၊တစ်ဦးအပေါ်တစ်ဦး မေတ္တာ၊ ကရုဏာဖြင့်ရိုင်းပင်းကူညီခြင်း၊ စာနာနားလည်ခြင်း၊ ဂရုတစိုက် ပြုစုစောင့်ရှောက်ခြင်း၊ အငြင်းပွားမှု သို့မဟုတ် ပဋိပက္ခတို့ကို ညှိနှိုင်းဆွေးနွေး အဖြေရှာကြခြင်းဖြင့်ငြိမ်းချမ်း သော လူမှုဝန်းကျင်တစ်ခု ဖန်တီးခြင်းတို့ကို လေ့လာရမည်ဖြစ်သည်။

**ဤအခန်းပြီးလျှင် ကျောင်းသားများသည် အောက်ပါတို့ကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။**

- မိမိရပ်ရွာဒေသအတွင်း ငြိမ်းချမ်းညီညွတ်စွာ နေထိုင်ခြင်း၏ အကျိုး ရလဒ်ကို ဖော်ပြတတ်လာမည်။
- ရပ်ရွာဒေသအတွင်း စည်းလုံးညီညွတ်စွာ နေထိုင်ခြင်းဖြင့် ငြိမ်းချမ်း ညီညွတ်ရေးကို အထောက်အကူဖြစ်ကြောင်း ဖော်ပြတတ်လာမည်။
- စည်းလုံးညီညွတ်စွာ နေထိုင်ခြင်းဖြင့် နိုင်ငံတည်ငြိမ်မှုနှင့်တိုးတက်ရေး ကို အထောက်အကူဖြစ်ကြောင်း ဖော်ပြတတ်လာမည်။
- ဖန်တီးတတ်ခြင်း၊ ဆက်သွယ်ပြောဆိုတတ်ခြင်း၊ ပူးပေါင်းလုပ်ဆောင်ခြင်း တို့ကို ရပ်ရွာလုပ်ငန်းများတွင် လက်တွေ့အသုံးချတတ်လာမည်။

## သင်ခန်းစာ(၄.၁) ငြိမ်းချမ်းစွာနေထိုင်ရေး

လူတိုင်းသည် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်စွမ်း ရှိကြသည်။ လူအချင်းချင်း လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာ အဆင့်အတန်းခွဲခြားမှုမရှိဘဲ တန်းတူဆက်ဆံရမည်။ ထိုသို့ တန်းတူဆက်ဆံမှသာ ရပ်ရွာအတွင်း သံသယများ၊ မတရားမှုများ၊ အကြမ်းဖက်မှုများ တစ်ဦးနှင့်တစ်ဦးမယုံကြည်မှုများ ကင်းစင်ပြီး ညီညွတ်မျှတစွာ အတူနေထိုင်နိုင်မည်ဖြစ်သည်။

**အောက်ပါဖော်ပြချက်များကိုသဘောတူလက်ခံပါသလား။**

- ပဋိပက္ခကင်းစင်ခြင်းသည် ငြိမ်းချမ်းခြင်းပင်ဖြစ်သည်။
- တစ်ခါက ရန်သူဖြစ်စေကာမူ ညှိနှိုင်း ဆွေးနွေးခြင်းအားဖြင့် မိတ်ဆွေ ပြန်ဖြစ်လာနိုင်သည်။
- သင်တို့နေထိုင်ရာ ရပ်ရွာသည် ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းအဖြစ် တည်ရှိပါက ဤကမ္ဘာကြီးသည် ပိုမိုကောင်းမွန်သောနေရာတစ်ခု ဖြစ်လာလိမ့်မည်။

**ဖြစ်ရပ်များလေ့လာခြင်း**

**ဖြစ်ရပ်(၁)**

ဇော်ဝင်းနှင့်နောင်နောင်တို့သည် ကျောင်းစာသင်ခန်းထဲတွင် ဘေးချင်းကပ်ထိုင်ကြပြီး ကျောင်းဆင်းချိန်တွင် ဘောလုံးအတူကန်ကြသည်။ တစ်နေ့သောအခါ ဇော်ဝင်းသည် ဘာသာရပ်ထူးချွန် စာမေးပွဲဖြေရန်အတွက် စာကြည့်နေသည်။ နောင်နောင်သည် ဘောလုံးကစားလို၍ ဇော်ဝင်းကို လာခေါ်သည်။ ဇော်ဝင်းက စာမရသေး၍ ဘောလုံး မကစားလိုပေ။ ထိုအခါ နောင်နောင်က ဘောလုံးကစားရန် မသွားတော့ဘဲ ဇော်ဝင်းဘေးတွင် အသံကုန်ဟစ်၍ သီချင်း အော်ဆိုနေသည်။ ဇော်ဝင်းစိတ်တိုလာသည်။

- နောင်နောင်၏လုပ်ရပ်မှန်ကန်ပါသလား။ အဘယ်ကြောင့်နည်း။
- သင်သာဇော်ဝင်းဖြစ်လျှင်မည်သို့ဆုံးဖြတ်မည်နည်း။
- ဇော်ဝင်းနှင့်နောင်နောင်ကို ငြိမ်းချမ်းစွာအတူယှဉ်တွဲနေနိုင်ရန်မည်သို့ကူညီနိုင်သနည်း။

**ဖြစ်ရပ်(၂)**

မော်မော်၊ နှင်းဖြူ၊ ချိုချို၊ ခိုင်ခိုင်နှင့်လဲ့လဲ့တို့ သူငယ်ချင်းတစ်စုသည် နေ့ခင်းကျောင်းဆင်းချိန်တွင် ထုပ်ဆီးတိုးတမ်း ကစားကြသည်။ တစ်နေ့၌ နှင်းဖြူသည် ထုပ်ဆီးတိုးတမ်း မကစားချင်၍ကြိုးခုန်မည်ဟု ပြောလေသည်။ လဲ့လဲ့ကမူ ကြက်ဖခွပ်တမ်းကစားမည်ဟု ပြောလေသည်။ သူတို့နှစ်ဦးသည် ကြိုးခုန်မည် ကြက်ဖခွပ်တမ်း ကစားမည်ဟု ငြင်းခုံနေကြသည်။ ကျန်သောသူငယ်ချင်းများ မည်သို့ဖျန်ဖြေရမှန်း မသိဖြစ်နေသည်။

- နှင်းဖြူနှင့်လဲ့လဲ့တို့၏ ငြင်းခုံမှုအကျိုးဆက်သည်မည်သို့ဖြစ်လာနိုင်သနည်း။
- သင်သာဆိုလျှင် ငြင်းခုံမှုရပ်တန့်သွားစေရန် မည်သို့ညှိနှိုင်းပေးမည်နည်း။ အကြောင်းပြချက်ပေးပါ။
- ငြိမ်းချမ်းသော ဆက်ဆံရေးနှင့် ပဋိပက္ခအသွင်ဆောင်သော ဆက်ဆံရေး မည်သို့ကွာခြားသနည်း။ မည်သည့်အကျိုးသက်ရောက်မှုဖြစ်စေနိုင်သနည်း။

**ဖြစ်ရပ်(၃)**

သူဇာနှင့်အေးခိုင်သည် ကျောင်းဝင်းအတွင်းရှိစက်ဘီးထားရာနေရာတွင်တွေ့ဆုံကြပြီး

အေးခိုင် ။ ။သူဇာရေငါ့စာအုပ်ငှားထားတာပြန်ပေးအုံးလေ

သူဇာ ။ ။ပြန်ပေးမှာပါအေ

အေးခိုင် ။ ။နင်ငှားထားတာကြာပြီလေ

သူဇာ ။ ။ခုပါမလာသေးဘူး၊ နောက်နေ့မှပေးနိုင်မယ်ကွယ်

အေးခိုင် ။ ။နင်ကသူများပစ္စည်းယူပြီး ပြန်ပေးချင်စိတ်မှမရှိတာ

သူဇာ ။ ။စကားကိုအလွယ်မပြောပါနဲ့သူငယ်ချင်းရယ်၊ငါပြန်ပေးမှာပါ

အေးခိုင် ။ ။ငါ့စာအုပ်ခုချက်ချင်းလိုချင်တယ်

သူဇာ ။ ။ခု ပါမလာသေးဘူး၊ မနက်ဖြန်မှ ယူလာပေးမယ်

အေးခိုင် ။ ။ခုချက်ချင်း အိမ်ပြန်ယူပေး

သူဇာ ။ ။မယူပေးနိုင်ဘူး

အေးခိုင် ။ ။အခုမယူပေးနိုင်ရင်နင့်စာအုပ်တွေငါလွှင့်ပစ်မယ်

- အထက်ပါ အကြောင်းအရာတွင် ပဋိပက္ခအရှိန်အဟုန် အဘယ်ကြောင့်မြင့်တက်လာရသနည်း။
- ပဋိပက္ခအရှိန်အဟုန် လျော့နည်းစေရန်မည်သို့ပြုမူပြောဆိုသင့်သနည်း။
- ပဋိပက္ခသည်မည်သည့်အကြောင်းအရာပေါ်တွင် မူတည်၍ မည်သူ့တွင် တာဝန်ရှိသနည်း။

**အောက်ပါအပြုအမူများကိုလေ့လာ၍အပြုသဘောဆောင်သည်သို့မဟုတ်အပျက်သဘောဆောင်သည်ကို အမှတ်အသားပြုပါ။**

DBE BOX

| စဉ် | အပြုအမူများ | အပြုသဘော ဆောင်သည် | အပျက် သဘော ဆောင်သည် |
|---|---|---|---|
| ၁။ | အခြေအနေတစ်ရပ်နှင့်ပတ်သက်၍မိမိ၏ခံစားချက်ကို မျှဝေခြင်း။ | | |
| ၂။ | လူအချင်းချင်း အော်ငေါက်၍ပြောဆိုခြင်း။ | | |
| ၃။ | ပုံမှန်လေသံဖြင့်ပြောဆိုခြင်း။ | | |
| ၄။ | အခြားသူများ၏ထင်မြင်ယူဆချက်ကိုလှောင်ပြောင်ခြင်း။ မထေမဲ့မြင်ပြုခြင်း။ | | |
| ၅။ | မိမိ၏စိတ်တွင်မကျေနပ်မှုကြောင့်ပစ္စည်းများကို လွှင့်ပစ်ခြင်း။ | | |
| ၆။ | ငြင်းခုံမှုတွင် မိမိရှုံး၍ တံခါးအပါအဝင်တွေ့သည့်ပစ္စည်းများကို ကန်ခြင်း။ | | |
| ၇။ | မိမိနှင့် အဆင်မပြေသော သူရှေ့တွင်ပစ္စည်းများအား ညင်သာစွာ ကိုင်တွယ်အသုံးပြုခြင်း။ | | |
| ၈။ | မိမိနှင့်အဆင်မပြေသူရှေ့တွင်စောင်းမြောင်းပြောဆိုခြင်း။ ထေ့ငေါ့ပြောဆိုခြင်း။ | | |
| ၉။ | မိမိ၏ထင်မြင်ချက်ကို အခြားသူများ နားဝင်စေရန် တင်ပြဆွေးနွေးခြင်း။ | | |
| ၁၀။ | မိမိအထင်နှင့်လိုရာတွေး၍ပြစ်တင်ပြောဆိုခြင်း။ | | |

**အဓိကအချက်**

- ငြိမ်းချမ်းသော ဆက်ဆံရေးနှင့် ပဋိပက္ခအသွင်ဆောင်သော ဆက်ဆံရေး ကွာခြားပုံကို သိရှိပြီး ငြိမ်းချမ်းညီညွတ်စွာနေထိုင်သင့်သည်။

**အောက်ပါမေးခွန်းများကို ရေးသားဖြေဆိုပါ။**

(၁) ငြိမ်းချမ်းရေးဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ကို မည်သို့နားလည်သနည်း။

(၂) မိမိတို့ကျောင်း၊ ရပ်ရွာအဖွဲ့အစည်းအတွင်း ငြိမ်းချမ်းမှုရရှိစေရန် မည်သို့ပြုမူပြောဆို ဆက်ဆံရမည်နည်း။

(၃) မိမိတို့ကျောင်း၊ ရပ်ရွာအဖွဲ့အစည်းအတွင်း ပိုမိုငြိမ်းချမ်းလာပါက ပဋိပက္ခကင်းစင်သော ပတ်ဝန်းကျင် ဖြစ်နိုင်၊ မဖြစ်နိုင်ကိုဆွေးနွေးပါ။

## သင်ခန်းစာ (၄.၂) စိတ်ရှည်သည်းခံ ငြိမ်းချမ်းရန်

လူတစ်ဦးနှင့်တစ်ဦး မတူညီသော အတွေးအခေါ်၊ အယူအဆနှင့်သဘောထား များရှိကြပါသည်။ မတူကွဲပြားမှုများကို သဘောပေါက်နားလည်လက်ခံပြီး တစ်ဦးစီ၏မတူညီသော စွမ်းရည်နှင့် လုပ်ကိုင်နိုင်စွမ်းကို အသိအမှတ်ပြုကာ ပါဝင်ဆောင်ရွက်နိုင်စေခြင်းဖြင့် လူအချင်းချင်း ဆက်ဆံရာတွင် ပဋိပက္ခများမပေါ်ပေါက်တော့ဘဲ တစ်ဦးနှင့်တစ်ဦး ငြိမ်းချမ်းသော ဆက်ဆံရေးကို ရရှိနိုင်ပါသည်။ လူအချင်းချင်း ငြိမ်းချမ်းသောဆက်ဆံရေးရရှိရန် စိတ်ရှည်သည်းခံပြီး သဘောထားကြီးခြင်းသည် အရေးကြီးသော လိုအပ်ချက်တစ်ရပ်ပင် ဖြစ်သည်။

DBE BOX

**လူတစ်ဦးနှင့်တစ်ဦး မတူကွဲပြားမှုများကို ဆွေးနွေးဖော်ထုတ်ပါ။**

| အကြောင်းအရာ | ကွဲပြားချက်များ |
|---|---|
| လူမှုရေး | |
| ပညာရေး | |
| ယဉ်ကျေးမှုဓလေ့ထုံးစံ | |
| နှစ်သက်မှု | |

**ငြိမ်းချမ်းသော စာသင်ခန်းတစ်ခုဖြစ်စေရန် သူငယ်ချင်း အချင်းချင်းမည်သည့်အချက်များကို အခြေခံ၍ နေထိုင်ရန်လိုအပ်ကြောင်း သင်သိသမျှဆွေးနွေးဖော်ထုတ်ပါ။**




## ဖြစ်ရပ်လေ့လာခြင်း

ဦးကျော်သည်ရပ်ကွက်ထဲတွင် ဒေါသကြီးစိတ်တိုလွယ်သူတစ်ဦးဖြစ်သည်။ တစ်နေ့ ရပ်ကွက်ထဲတွင် ဦးကျော် လမ်းလျှောက်လာစဉ် ဖော်ဖော်တို့အိမ်ရှေ့ သရက်ပင်အောက်သို့ အရောက် ရုတ်တရက် ခဲမှန်ခံရလေသည်။ ထိုအခါ ဦးကျော်က 'ငါ့ကိုခဲနဲ့ပေါက်တာ ဘယ်သူလဲကွ' ဟုဒေါသသံဖြင့်ပြောပြီး အနီးတစ်ဝိုက်တွင် အပြစ်ကျူးလွန်သူကို ရှာလေသည်။ထိုအချိန်တွင် ဒေါသဖြစ်နေသော ဦးကျော်၏ ရှေ့သို့ဖော်ဖော်သည် မဝံ့မရဲဖြင့်ရောက်လာပြီး သူပစ်လိုက်သောခဲဖြစ်ကြောင်း ဝန်ခံလေသည်။ ဖော်ဖော်က သရက်သီးမှည့်များကို ညွှန်ပြ၍ အမေက သရက်သီးများစားချင်ကြောင်း ပြောသည့်အတွက် သရက်သီးများကိုခဲနှင့်ပေါက်၍ ခူးနေခြင်းဖြစ်သည်။ ဦးကျော်၏ ခေါင်းကိုမတော်တဆ ခဲထိမှန်ခြင်းသာဖြစ်ကြောင်း ဖော်ဖော်က သူ၏ အမှားကို အကျိုးသင့်အကြောင်းသင့် သေချာစွာရှင်းပြ၍ တောင်းပန်လေသည်။ ထိုအခါ ဒေါသ

ဖြစ်နေသော ဦးကျော်သည် သရက်ပင်ကိုမော့ကြည့်၍ 'ဒီအပင်ဟာ လူတစ်ဦးလို အသိဉာဏ်မရှိသော်လဲ သူ့ကိုထိခိုက်စေပြီး သူ့အသီးကိုစားရန် ကြံစည်တဲ့လူတွေအတွက် ချိုမြတဲ့သရက်သီးတွေကို ပုံမှန်သီးပွင့်ပြီး လူသားတွေကို အကျိုးပြုပေးနေတယ်၊ ဇော်ဇော်က ငယ်ရွယ်သော်လဲ မိခင်စားချင်တဲ့ သရက်သီးများကို ခူးပေးပြီး မိဘကို သိတတ်တယ်၊ ငါလဲပဲ ငါ့ကို အနည်းငယ်ထိခိုက်မိရုံနဲ့ အလွယ်တကူ အမျက်ထွက်နေတဲ့စိတ်ကို ဖြေဖျောက်ကာ သူတစ်ပါးအပေါ် နားလည်သည်းခံစိတ်ထားပြီး အကျိုးအကြောင်း စဉ်းစားပေးသင့်တယ်' ဟု မိမိကိုယ်ကိုသုံးသပ်၍ သရက်သီးများကို ဇော်ဇော်နှင့်အတူ ဝိုင်းကူ၍ ခူးပေးလိုက်ပါသည်။

**အောက်ပါမေးခွန်းများကိုဆွေးနွေးဖြေဆိုပါ။**

(က) ဦးကျော်သည် သူ၏ဒေါသကို မည်သို့ဖြေဖျောက်ခဲ့ပါသနည်း။

(ခ) ဦးကျော်၏ သဘောထားများ အဘယ်ကြောင့်ပြောင်းလဲသွားသည်ဟု ထင်ပါသနည်း။

(ဂ) သင်သည် အလွယ်တကူ စိတ်ဆိုးဒေါသထွက်တတ်ပါသလား။

(ဃ) အလွယ်တကူ စိတ်ဆိုးဒေါသထွက်လျှင် သင်မည်သို့ဖြစ်လာသနည်း။

**အဓိကအချက်**

- စိတ်ရှည်သည်းခံ သဘောထားကြီးခြင်းသည် သဘောထားကွဲလွဲမှုများကို ဖြေရှင်းရာတွင် အရေးကြီး၍ ငြိမ်းချမ်းမှုကို ရရှိနိုင်သည့် အခြေခံအချက်ဖြစ်သည်။

**လက်တွေ့ဘဝတွင် သင်ကြုံတွေ့ဖူးသော စိတ်ရှည်သည်းခံ သဘောထားကြီးခြင်းနှင့် ဆက်စပ်သည့် အဖြစ်အပျက်နှင့် ရလဒ်များကို အုပ်စုတွင်းဆွေးနွေး၍ အတန်းသို့တင်ပြပါ။**

## သင်ခန်းစာ (၄.၃) စောင့်ရှောက်ကူညီ ငြိမ်းချမ်းမည်

မိမိပြုလုပ်လိုက်သော ကိစ္စအကြောင်းအရာတစ်ခုသည် မိမိအတွက် အဆင်ပြေသော်လည်း အခြားသူများကို စိတ်ပိုင်းဆိုင်ရာဖြစ်စေ၊ ရုပ်ပိုင်းဆိုင်ရာဖြစ်စေ ထိခိုက်နာကျင်စေပါက ထိုအပြုအမူများကို မပြုလုပ်သင့်ပေ။ မိမိသာ သူ့နေရာမှာဆိုလျှင်ဟူသည့် စိတ်မျိုးဖြင့် တစ်ဖက်သား စိတ်ခံစားချက်ကို နားလည်ပေးခြင်းသည် ကိုယ်ချင်းစာစိတ်ထားခြင်းပင် ဖြစ်ပါသည်။ လူအချင်းချင်း ကိုယ်ချင်းစာစိတ်ထားရှိပြီး တစ်ဦး၏လိုအပ်ချက်များကို တစ်ဦးက ရိုင်းပင်းကူညီသင့်ပါသည်။ တစ်ဦးအပေါ်တစ်ဦး မေတ္တာ၊ ကရုဏာဖြင့် ရိုင်းပင်းကူညီခြင်း၊ စာနာနားလည်ခြင်း၊ ဂရုတစိုက် ပြုစုစောင့်ရှောက်ခြင်းဖြင့် ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းကို ဖန်တီးတည်ဆောက်နိုင်ပါသည်။



DBE Box

## ဖြစ်ရပ်လေ့လာခြင်း

### ဖြစ်ရပ် (၁)

ဇာခြည်၏ အချစ်ဆုံးသူငယ်ချင်း သဲဆုသည် သူ၏မိခင်နေမကောင်းဖြစ်နေ၍ အိမ်အလုပ်များကို ကူညီလုပ်ကိုင်နေရင်း ကျောင်းချိန်နောက်ကျမည်ကို စိုးရိမ်နေသည်။ ထိုအချိန်တွင် ဇာခြည်ရောက်လာပြီး သဲဆု၏အလုပ်များကို ဝိုင်းဝန်းကူညီလုပ်ကိုင်သဖြင့် ကျောင်းသို့ အချိန်မီသွားရောက်နိုင်သည်။

(က) သင်သာ သဲဆုဖြစ်ခဲ့လျှင် မည်သို့ခံစားရမည်နည်း။ မည်သို့တုံ့ပြန်မည်နည်း။
(ခ) သင်သာ ဇာခြည်ဖြစ်ခဲ့လျှင် မည်သို့ပြုလုပ်မည်နည်း။ အဘယ်ကြောင့်နည်း။

### ဖြစ်ရပ် (၂)

သီဟနှင့် ငြိမ်းချမ်းသည် အိမ်နီးချင်းသူငယ်ချင်းများ ဖြစ်ကြသည်။ သူတို့နှစ်ဦးသည် ကျောင်းတက် ကျောင်းဆင်း အတူတူသွားကြသည်။ တစ်နေ့ ဘောလုံးပွဲကိစ္စနှင့်ပတ်သက်၍ ရန်ဖြစ်ကာ တစ်ဦးနှင့်တစ်ဦးမခေါ်ကြပေ။ ထိုနေ့ ကျောင်းဆင်းချိန် အိမ်အပြန်လမ်းတွင် ကလေးငယ်တစ်ဦးလဲကျပြီး သတိလစ်နေသည်ကို သီဟက စတွေ့သည်။ ကျန်းမာရေး ဆေးပေးခန်းသို့ ပို့ပေးသင့်သည်ဟု ငြိမ်းချမ်းက အကြံပြုသည်။ သို့သော် ကလေးငယ်ကို တွေ့သောနေရာနှင့် ဆေးခန်းရှိရာနေရာသည် အနည်းငယ်ဝေးနေသည်ဟု သီဟက ပြန်ပြောသည်။

(က) သီဟနှင့် ငြိမ်းချမ်းတို့ မည်သို့ဆက်လုပ်မည်ဟု ထင်သနည်း။
(ခ) သင်သာဆိုလျှင် ကလေးငယ်ကို မည်သို့ ကူညီမည်နည်း။

**သင်တွေ့ကြုံကြားသိဖူးသော ဂရုတစိုက်ပြုစုစောင့်ရှောက်ခြင်းနှင့် သက်ဆိုင်သည့် အကြောင်းအရာ၊ အဖြစ်အပျက်များကို ဆွေးနွေးဖော်ထုတ်ပါ။**

**အဓိကအချက်များ**

- မိမိနေထိုင်ရာ ပတ်ဝန်းကျင်တွင် တစ်ဦးအပေါ်တစ်ဦး ဂရုတစိုက်ပြုစုစောင့်ရှောက်ခြင်းဖြင့် ငြိမ်းချမ်းသော လူ့ဘောင်အဖွဲ့အစည်းတစ်ခုကို တည်ဆောက်နိုင်ပါသည်။
- အခြားသူများအပေါ် မျှမျှတတ စာနာနားလည်ပေးခြင်း၊ မေတ္တာ ကရုဏာဖြင့် ရိုင်းပင်းကူညီခြင်း သည် မိမိပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ အဆင်ပြေပြေ ငြိမ်းချမ်းပျော်ရွှင်စွာ နေထိုင်နိုင်မည့်နည်းလမ်းတစ်ခုပင် ဖြစ်ပါသည်။

DBE Box

**အောက်ပါမေးခွန်းများကို ရေးသားဖြေဆိုပါ။**

(၁) သူတစ်ပါးကို ကိုယ်ချင်းစာစိတ်ဖြင့် ကူညီခဲ့ဖူးပါသလား။ မည်သို့ကူညီခဲ့သနည်း။

(၂) သင်သည် အန္တရာယ်ဖြင့် ရင်ဆိုင်နေရသူ တစ်ဦးဦးကို တွေ့ပါက မည်သို့ ကူညီဖြေရှင်းပေးမည်နည်း။

(၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ဂရုတစိုက်ပြုစုစောင့်ရှောက်ခြင်းကို ကျင့်သုံးလျှင် မည်ကဲ့သို့ဖြစ်လာနိုင်သနည်း။

## သင်ခန်းစာ (၄.၄) ငြိမ်းချမ်းရေးအတွက်ပူးပေါင်းဆောင်ရွက်ခြင်း

လူတိုင်းတွင် မတူညီသော သဘောထားခံယူချက်အမျိုးမျိုးရှိနိုင်သည်။ ဖြစ်ရပ်တစ်ခုကို မတူညီသော ရှုထောင့်အမျိုးမျိုးက ဆွေးနွေးကြခြင်းဖြင့် ပိုမိုပြည့်စုံသော ရလဒ်ကောင်းတစ်ခု ပေါ်ထွက်လာနိုင်ပေသည်။ အထူးသတိပြုရမည့်အချက်မှာ မိမိ၏ထင်မြင်ယူဆချက်များကို တင်ပြသည့်အခါ အပြုသဘောဆောင်ပြီး တစ်ဖက်သား နားလည်စေရန် သိမ်မွေ့စွာတင်ပြကြရမည်။ အငြင်းပွားမှု သို့မဟုတ် ပဋိပက္ခတို့ကို ညှိနှိုင်းဆွေးနွေး အဖြေရှာကြခြင်းဖြင့် ငြိမ်းချမ်းသော လူမှုဝန်းကျင်တစ်ခုကို ဖန်တီးနိုင်မည်ဖြစ်သည်။

**အောက်ပါတို့ကို အုပ်စုဖွဲ့ဆွေးနွေးပြီးဇယားတွင် ဖြည့်ပါ။**

(က) သင့်ကျောင်းတွင်ဖြစ်စေ၊ ရပ်ရွာတွင်ဖြစ်စေ ကြုံတွေ့ရသော အငြင်းပွားမှုတစ်ခုကို ဖော်ထုတ်ပါ။

(ခ) အဆိုပါအငြင်းပွားမှုတွင် အဓိကပါဝင်နေသူများကို ဖော်ထုတ်ပါ။

(ဂ) အဆိုပါအငြင်းပွားမှုတွင် ပါဝင်နေကြသူများဆောင်ရွက်သင့်သည်များကို ဖော်ထုတ်ပါ။

| | |
|---|---|
| အငြင်းပွားမှုအမည် | |
| ပါဝင်ပတ်သက်သူများ | |
| ပြဿနာအကြောင်းရင်း | |
| ဆောင်ရွက်သင့်သည့်နည်းလမ်းများ | |

DBE Box